န ဓ မ ဒ ဓ ကာ ဝ ဗ ဒိ ရ ဏ ၊

ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်

## ဉာဏ်စဉ်တို့ကိုအုပ်စုခွဲ၍ဝေဖန်ခြင်းများ

## ဉာဏဝိဘာဂကထာ

ဝိပဿနာဉာဏ် အဆင့်ဆင့်ရှင်းသန့်လာပုံလမ်းညွှန်

နတ်တလှူသာသနာပြုအသင်းမှ ဓိဝဉ်ထုတ်ဝေသည်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ခြေမှုန်းကြ။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုမြန်မာနိုင်ငံသား အားလုံး၏**
ပဓာနကျသော တာဝန်ဖြစ်သည်။

**ဥပဒေဘောင်တွင်း နေထိုင်ခြင်း**
**ဘေးရန်ကင်းကွာ ပြည်သာယာ။**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**နတ်တလူစာစဉ် - ၈**

ကျေးဇူးတော်ရှင်
## မဟာဗောဓိမြိုင်ဆရာတော်

# ဉာဏ်စဉ်တို့ကိုအုပ်စုဖွဲ့၍ဝေဖန်ခြင်းများ

## (ဉာဏ ဝိဘင်္ဂ ကထာ)

စာစဉ်အမှတ်–၁၇၊ အတွဲ–၃


နတ်တလူသာသနပြုအသင်းမှ
စီ စဉ် ထုတ် ဝေ သည် ။

ဖြန့်ချိရေး(ပင်မ)
ဦးခင်မောင်သန်း (ဥက္ကဋ္ဌ)၊ နတ်တလူသာသနာပြုအသင်း
ရန်ကြီးအောင်ရပ်၊ ဇီးကုန်းမြို့
ထန်းတပင်စာတိုက်၊ စစ်ကိုင်းတိုင်း
ဖုန်း-ဇီးကုန်း-၅၃

ရန်ကုန်ဖြန့်ချိရေး

သုဝဏ္ဏသျှမ်
သာသနာပြုစာစဉ်
၇၄၊ သာယာအေးလမ်း၊ ၃-ရပ်ကွက်
မရမ်းကုန်း၊ ရန်ကုန်မြို့။
ဖုန်း–၆၆၀၆၇၀

**ပထမအကြိမ်**

၁၃၆၄ ခုနှစ်၊ နတ်တော်လ

၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ

**စာမူခွင့်ပြုချက်အမှတ်** - ၄၆၇/၂၀၀၂ (၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၆၃/၂၀၀၂ (၁၀)

အုပ်ရေ - ၁၀၀၀

**မျက်နှာဖုံး** - **ဇင်မင်းလူ+အိုက်မွန်း**

**စာစီ** - **"စံ" ကွန်ပျူတာ**

**အတွင်းဖလင်** - **AZ**

**စာအုပ်ချုပ်** - ကိုတင်အေး(လှိုင်)

အမှတ် - ၂၄၉၊လမ်း၄၀။

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့သစ် (၃)၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊

**မျက်နှာဖုံးပုံနှိပ်**

ဦးကျော်စိန်(မြဲ-၀၂၉၀၉) ကျောက်စိမ်းအော့ဖ်ဆက်

အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**

**ဒေါ်ထားထားကြည် (မြဲ-၀၆၀၁၃) ထင်အော့ဖ်ဆက်**

အမှတ် -၃၇၊ မအူပင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်လုပ်ရေးအဖွဲ့**

နတ်တလူသာသနာပြုအသင်း

**အကျိုးဆောင်**

အောင်ကျော်စံ

တန်ဖိုး - ၆၀၀ ကျပ်

**မွမ်းမံဖန်တီးမှု - အိုက်မွန်း**

# ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ထုတ်ပြန်တော်မူသော ဝါဆိုတော်စဉ်အညွှန်း

| စဉ် | ခုနှစ် | ဌာန | ဝါဆိုနေရာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၁၃၄၁ | ရန်ကုန် | သာသနာ့ဗိမာန် | ရဟန်းဖြစ်စနှစ် |
| ၂ | ၁၃၄၂ | သာစည် | ရွှေကျောင်းကုန်းတောင် | တောထွက်စနှစ် |
| ၃ | ၁၃၄၃ | ဇင်းကျိုက် | ဇင်းကျိုက်တောင် | |
| ၄ | ၁၃၄၄ | ဇင်းကျိုက် | မင်းတစ်ရာ့တစ်ပါးတောင် | သုံးဝါ |
| ၅ | ၁၃၄၅ | ဇင်းကျိုက် | ကျောက်ခမောက်ဂူ | |
| ၆ | ၁၃၄၆ | ဖူးကြီး | သံသုမာရတောင် | နှစ်ဝါ |
| ၇ | ၁၃၄၇ | ဖူးကြီး | သံသုမာရတောင် | |
| ၈ | ၁၃၄၈ | စစ်ကိုင်း | အရှေ့ပရက္ကမချောင် | နှစ်ဝါ |
| ၉ | ၁၃၄၉ | စစ်ကိုင်း | အရှေ့ပရက္ကမချောင် | |
| ၁၀ | ၁၃၅၀ | သာစည် | ရွှေကျောင်းကုန်း | |
| ၁၁ | ၁၃၅၁ | သာစည် | ရွှေကျောင်းကုန်း | သုံးဝါ |
| ၁၂ | ၁၃၅၂ | သာစည် | ရွှေကျောင်းကုန်း | |
| ၁၃ | ၁၃၅၃ | ပျဉ်းမနား | လက်လုပ်တောင် | |
| ၁၄ | ၁၃၅၄ | ပျဉ်းမနား | လက်လုပ်တောင် | သုံးဝါ |
| ၁၅ | ၁၃၅၅ | ပျဉ်းမနား | လက်လုပ်တောင် | |
| ၁၆ | ၁၃၅၆ | သုဝဏ္ဏသျှံ | ဘုန်းတော်ပြည့်တောင် | သုံးဝါ |
| ၁၇ | ၁၃၅၇ | သုဝဏ္ဏသျှံ | မဟာဗောဓိမြိုင် | (ရှမ်းပြည်နယ်၊ |
| ၁၈ | ၁၃၅၈ | သုဝဏ္ဏသျှံ | မဟာဗောဓိမြိုင် | မိုင်းပျဉ်း) |
| ၁၉ | ၁၃၅၉ | ဇာတိမြေ | နတ်တလူ | တစ်ဝါ |
| ၂၀ | ၁၃၆၀ | ပြင်ဦးလွင် | ဝေဒလ္လ | တစ်ဝါ |
| | | | | (ဒီးဒုတ်ဒုဌာအနီး) |
| ၂၁ | ၁၃၆၁ | ဂန့်ဂေါ | မဇ္ဈိမ ဓမ္မမောနိဂူ | တစ်ဝါ |
| | | | | (လယ်ဓမ္မအနီး) |
| ၂၂ | ၁၃၆၂ | ဂန့်ဂေါ | မောနေယျတော | (စကားရှာအနီး) |

## ခေတ္တသီတင်းသုံးခဲ့ဖူးသောနေရာများ

| စဉ် | ခုနှစ် | ဌာန | ဝါဆိုနေရာ | မှတ်ချက် |
|---|---|---|---|---|
| (က) | ၁၃၄၃ | ဇင်းကျိုက် | ရသေ့မဂူ | သုံးလခန့် |
| ( ခ) | ၁၃၄၅ | ဇင်းကျိုက် | ဖရုံညှာစခန်း | တစ်လ<br>(ပန်းကုန်းရွာအနီး) |
| ( ဂ) | ၁၃၄၉ | မိတ္ထီလာ | တောင်စဉ် | တစ်လ |
| (ဃ) | ၁၃၆၀ | ကျောက်ဆည် | ကျောက်ထီးတောင် | နှစ်လ |
| ( င) | ၁၃၆၁ | ပုလဲ | ဝါးသုံးရုံစခန်း | ၇၂-ရက် |

# မာတိကာ


| | | |
|---|---|---|
| ◉ | အဖွင့် | ၁ |
| ◉ | **ဓမ္မတာမကင်းသော ဥ ၁ဏ်အရာများ** | ၃ |
| ◉ | ဥ ၁ဏ်တို့ကိုဖြစ်ပွင့်စေရာအပိုင်း | ၉ |
| ◉ | **အနုပဿနာတို့ဖြင့် ဥ ၁ဏ်ကိုဝေဖန်ခြင်း** | |
| ◉ | သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ဖြင့် ဥ ၁ဏ်များကိုပိုင်းခြားဝေဖန်ခြင်း | ၁၇ |
| ◉ | အားလုံးတို့၏သတိ | ၂၉ |
| ◉ | **သတိ၏ကိုယ်ပွားများ** | ၃၃ |
| ◉ | သတိနှင့်အသိတို့ တာဝန်ယူရာနယ်ပယ်များ | ၃၉ |
| ◉ | **တပ်ဖွဲ့ပြီးပြင်တိုက်ပွဲဝင်အံ့** | ၄၃ |
| ◉ | ကာယ စသည်တို့၏ အတွင်းပြင်နယ်စွဲများ | ၅၁ |
| ◉ | **သွေးအကြောင်း ဝေဒနာက ကောင်းကောင်းသိ** | ၇၇ |
| ◉ | သွေးတိတ် မတိတ် စိတ်ကအသိ | ၉၃ |
| ◉ | **သွေးဆိပ်များ ကျမကျ ဓမ္မကသက်သေတည်** | ၁၀၃ |
| ◉ | စကားဆုံး နိဂုံးဖုံးတော့မည် | ၁၃၁ |

# အဖွင့်အမှာစာ

**သတိ ပုဗ္ဗင်္ဂမာ ပညာ သမ္မာ သုဒ္ဓိဂတံ**
**ပညာစ သတိ ဝိဒ္ဓံသော သမ္ဗဟံ ဃနံ ဝေဂမ္ပိ**
**ဒ္ဒိဟိဒီပေ ပါတုဘာဝေါ တုစ္ဆ သုညာဒိလက္ခဏော**
**အာဂတော လောကဿန္တပိ ဝဟေဓံဟိ သစ္စံ ဓမ္မံ**

**ယော**–အကြောင်တရားလိုက်စား အရှင့်သားသည်

**သတိ ပုဗ္ဗင်္ဂမာ**–သတိရှေ့သွားပြုသော၊ **ပညာ–ပညာယ**–အသိဖြင့်၊ **သုဒ္ဓိဂတံ** –အကျင့်၏စင်ကြယ်ခြင်း၊စိတ်၏စင်ကြယ်ခြင်း၊ အယူ၏စင်ကြယ်ခြင်း၊ သံသယမှစင်ကြယ်ခြင်း၊ အကျင့်လမ်းထား၏ စင်ကြယ်ခြင်း၊ အကျင့်လမ်းသွားပါ စင်ကြယ်ခြင်းဟူသော စင်ကြယ်ခြင်းခြောက်မျိုးသည်၊ **သမ္မာ**–မမှားမထောင့် ဖြောင့်စွာ၊ **ဂုဝိ**ကြီးပွားခွင့်ရစေပါ၏။

**နတ်တလူစာစဉ်**

**စ**–ပခုံးထမ်းပြောင်း နောက်ဝင်အပေါင်းကိုလည်း ပြောပြပါဦးအံ့။

**ပညာပုဗ္ဗင်္ဂမာ**–အသိရှေ့သွားပြုသော၊ **သတိယာစ**အတွင်း လှေ့ဘိ အောက်မေ့သတိဖြင့်ကား၊ **သတိဝိဒ္ဓံ**သတိထိုးဖောက်အား ကောင်းခြင်း၊ **သမ္ပဟံ**–ဉာဏ်ရွှင်ခြင်း၊ **ဃနံ**–တစ်ခဲနက် စိတ်စည်းလုံးမိခြင်း၊ **ဝေဂမ္ပိ**–သိက္ခာအိမ် အရှိန်ကောင်းခြင်းများကိုပါ၊ **သမ္မာ**–အထက်သို့ဆန်မှန်စွာ၊ **ဝုပိ**–ဉာဏ်ရည်တိုးပွား အကျိုးများစေပါ၏။ **ဒွိဟိ**–သတိ အသိ နှစ်ဘက်ရှိတို့သည်၊ **ဒီပေ**–ထွန်းပလာပါမူကား၊ **တုစ္ဆသုညာဒိလက္ခဏော**ခန္ဓာ၏အလကားကောင်းအဖြစ်အထက်ဇီဝ အတ္တတို့မှကင်းသောအဖြစ်စသည်သူ့အသွင်မူရာလက္ခဏာများသည်၊ **ပါတုဘာဝေါ**–ထင်ရှားပြလာပါချေတော့၏။ **သော**ထိုတရားရှင်အဖို့၊ **သစ္စံ**–အရှိကို အရှိ တည့်တည့်အသိ မိခြင်းကိုလည်းကောင်း၊ **ဓမ္မံ**– သဘောမျှသရုပ် ထုတ်ပြခြင်းကို လည်းကောင်း၊**ဝဟောခံဟိ**–ရှင်းရှင်းလင်းလင်းထိုးထိုးထွင်းဖြင့်ထင်လင်းစေလျှက်ကပင်၊**လောကာသန္တံ**–လောကအဆုံးသို့၊ **အာဂတော**–ဆိုက်ရောက်ရပါတော့အံ့။

## ဓမ္မတာမကင်းသော ဉာဏ်အရာများ

ရှင်တော်မြတ်ဘုရားသည်ညီတော်အာနန္ဒာမေးလျှောက်သော ကထာကိုအကြောင်းပြု၍ ဉာဏ်တို့၏ဓမ္မတာများကို ဟောဖော်ထုတ်ပေးခဲ့ပါ၏။ ဓမ္မာဒါသ ဟူ၍တည်း။

ထိုသို့ ဟောဖော်ထုတ်ပေးရခြင်း၏ အကြောင်းရင်းမှာ ဘုရားရှင်ကြွမြဲ ဒေသများသို့ ဒေသစာရီကြွချီတော်မူလေတိုင်းထိုဒေသများမှ ရဟန်းတော်များ (လူဒါယကာများ)ကရင်းတို့သိလိုသောပုဂ္ဂိုလ်၏ အကြောင်း၊ အဆင့်၏အကြောင်းကို ဘုရားရှင်အားမေးလျှောက်ပေးပါရန် ညီတော်အာနန္ဒာအား တောင်းပန်ရာမှ စတင်၏။

တစ်နေရာအရောက်တွင် ယခင်ရှိနေသော ရဟန်းကြီး ယခုပျံတော်မူသွားပါပြီသူဘယ်အဆင့်ဖြင့် ဘယ်မှာရောက်ရှိနေပါသနည်း အမေး။ တစ်နေရာအရောက်တွင် ယခင်ရှိနေသောရဟန်းမကြီးယခုပျံတော်မူသွားပါပြီ။ ထိုဘိက္ခုနီမကြီးဘယ်အဆင့်ဖြင့်ဘယ်မှာရောက်နေပါသနည်း အမေး။ သည့်အတူ တစ်နေရာကျ လူဥပသိကာကြီး၊

နောက်တစ်နေ့ရာကျလူဥပသိကာမကြီးများသေလွန်သွားကြရာတွင် ဘယ်အဆင့်ဖြင့်သေ၊ ဘယ်မှာနေ အမေးချည်းပင်။

ထိုသို့ ဒေသခံများကလည်း မေးဖန်များ တစ်ဆင့်အာနန္ဒာကလည်း မေးပေးရဖန်များလာလေသောအခါ အာနန္ဒာ... သူမေးတိုင်း သင်မေးနေရလျှင်လည်း သင့်မှာအချိန်မကုန်သင့်ဘဲ ကုန်ချေမည်။ သင်မေးတိုင်း ငါဖြေနေရလျှင်လည်း ငါ့မှာလည်းအချိန်မကုန်သင့်ဘဲ ကုန်ချေမည်။ သို့အတွက် နောင် သူလည်းမေးဖို့ မလို၊ သင်လည်း မေးဖို့မလို၊ ငါလည်းဖြေဖို့မလိုရန် ဤမလွဲနိုင်သော ဉာဏ်အဆင့်တက်နည်းကို နာခံပေရော့...။ ဤသို့အမိန့်ချတော်မူကာ ဉာဏ်အဆင့်ဆင့်တက်ပုံကို ဟောဖော်တော်မူခဲ့ပါ၏။ထိုဟောဖော်ထားရာ ဉာဏ်စဉ်ဒေသနာသည်

– လူတစ်ဦး မိမိ၏မျက်နှာပြင်ဝယ် အပြစ်အနာအဆာ ရှိမရှိ သိလိုရာ၌ဖြစ်စေ၊ အလှပြင်ဆင်ရာ၌ဖြစ်စေ၊မိမိ၏မျက်နှာအကြောင်း သိလိုလျှင် တန်ပြန်အရိပ်ပြဖြင့် ထင်ဟပ်ပြတတ်သော ကြည့်မှန်ကို အသုံးချရသည်ပမာ... ။

ယောဂီတစ်ဦးသည်လည်း မိမိရောက်သောဉာဏ်စဉ် မိမိခံစားခွင့်ရနေသောဓမ္မအရသာအကြောင်းကောင်းကောင်းကြီးအသိမိလိုပါလျှင် ဤဒေသနာတော်ဖြင့်သာ ချင့်တိုက်ကြည့်ရန် ဖြစ်၏။ ကိုယ်တိုင်လျင် အသင့်ဆုံးဖြတ်တတ်ရန် ဖြစ်၏။ သို့ဆိုသော်... စရိုက်၊ ဉာဉ်၊ဝါသနာများ အမျိုးမျိုးကွဲပြားနေကြရာအကြားမှ ဤဉာဏ်တွေ့သဘောသွားကား အားလုံးတစ်သားတည်း ဖြစ်နေချေရာ 'စံ'ကား

အဘယ်နည်း၊ 'တည်ကိန်း'ကား အဘယ်နည်း။

ဤသည်မှာ ဤကထာရေးခြင်း၏ ပထမအချက်ပေတည်း။

တစ်ဖန် ဘုရားသာသနာတော်ရှိနိယျာနိက(လွတ်မြောက်ခြင်းရှိသော)လမ်းစဉ်အတိုင်း လူရော နတ်ပါ လိုက်နာကြရာတွင်လည်း၊ နတ်ကား . . .

သွေး၊ သည်းခြေ၊ လေ၊ သလိပ် အနှောက်(အပြစ်) မရှိသဖြင့် သိလွယ်၏။

လူကား ထိုလေးပါးတို့ အတိုးအဆုတ်ကြောင့်သရုပ်စဉ်မြင်ရန် မလွယ်။

ထိုစကားကလည်း ဤကထာရေးခြင်း၏ ဒုတိယအချက်ပေတည်း။

တစ်ဖန်လည်း ဤလူမှာပင်လျှင် ဘုရားရှင်နှင့် ပက်ပင်းလည်း ကြုံဆုံခွင့်ရ၊ တည်ဆောက်ထားသောကိုယ်ခန္ဓာများကလည်းသာမန်လူ(ဖ–တောင်)(ကိုးပေ) အရပ်မြင့်သဖြင့် ရုပ်ဓာတ်ထွားကျိုင်း၊ ထိုရုပ်ဓာတ်မှီနေသော စိတ်ဓာတ်ကလည်း ကြီးထွားကြောင့်

– အချို့ အကျဉ်းဟောပြ နာရုံမျှဖြင့် အဆုံးခေါင်ပေါက်တိုးလျှိုပေါက်ဖြင့် အသိရောက် **ဥဂ္ဃဋိတညူ**တစ်ခုခုတည်း။

– အချို့ အနည်းငယ်အကျယ်ပြ နာရုံမျှဖြင့်အဆုံးခေါင်ပေါက် အသိရောက် **ဝိပဉ္စိတညူ** တည်း။

– အချို့ နည်းခံကာ ရက်ပိုင်းလပိုင်းကျင့်ရုံမျှဖြင့် အားလုံးပြီးစီး **နေယျ**တည်း။

## နတ်တလူစာစဉ်

တစ်ဖန်လည်း သက်တမ်းတိုသည်နှင့်အမျှရုပ်ခတ်ကလည်း ၄–တောင်(ဖဲပေ) မျှပင် မပြည့်ချင်တော့သည့်အထဲ စိုပြည်ဝဖြိုးခြင်း မရှိ စားခွင့်ရအစာများကလည်း ဩဇာသတ္တိ ညံ့ဖျင်း၊ ဥတုကလည်း အပူညှဥ်းညှဥ်းခံနေရသော ဤမှာဘက်လူသားများ

အချို့ရက်ပေါင်းများစွာ နာရီပေါင်းများတို့ ကြာမြင့်စွာ ကျင့်ကြံနေကြ၏။

အချို့လပေါင်းများစွာ နေ့ရက်ပေါင်းများတို့ ကြာမြင့်စွာ ကျင့်ကြံနေကြ၏။

အချို့နှစ်ပေါင်းများစွာ လငင်ပေါင်းတို့ ကြာညောင်းစွာ ကျင့်ကြံနေကြ၏။

သို့တိုင်အောင်လည်း လမ်းဆုံးခေါင်ပေါက် တိုးလျှိုပေါက်မဆို ထားဘိ၊ သာသနာတော်အရိပ် စိတ်ချလက်ချပင် ခိုခွင့်ပင်မရကြ။ ရသူကား အသင့်အတင့် အနည်းစု၊ ဤသည်မှာလည်း ဤကထာ ရေးရန်ဖန်လာခြင်းထဲတွင် တစ်ခုအပါအဝင်တည်း။

ပါရမီတို့၏ အနုအရင့်လိုက်၍ သဒ္ဓါစသည် ခတ်ခံပြည့် အသင့်ရှိပြီး ဖြစ်နေခြင်း၊ စရိုက်ရိုင်းမှစရိုက်ယဉ်သို့ ပြောင်းပြီးဖြစ်နေခြင်း ထိုအကြောင်းခံများကြောင့်ဆိုသော အကြောင်းပြချက်များကား အခြားနေရာများ၌ ရေးခဲ့ပြီးသားရှိနေခဲ့၏။ ထိုအကြောင်းခံများနှင့် ပေါင်းလျှင် အကြောင်းခံပေါင်းများစွာ ဖြစ်လာချေ၏။ တစ်ဖန် ဉာဏ်အဆင့်ဆင့်တို့ သိက္ခာအရှိန်အဟုန်မြင့်မြင့်သလောက်တက်လာ ရပုံများကိုလည်း အခြားနေရာများစွာတို့၌ ရေးခဲ့ပြီးသားပင် ရှိနေခဲ့၏။

**နတ်တလူစာစဥ်**

သို့ကြောင့် ဤ၌ ထိုအကြောင်းပြနှင့် ထိုဓာတ်ပုံများ ကျော်လွှားထားခဲ့မည်။ ဆိုခဲ့ပြီးများနှင့် ပေါင်းစပ်ကာ လေ့လာရုံမျှရှိတော့သည်။

ဤ၌ကား ထိုဉာဏ်အဆင့်တို့ ဖြစ်ပေါ်လာပုံနှင့် ယင်းတို့၏ အတွင်းခံအကြောင်းရင်းကိုမျှသာ စိစစ်ဝေဖန်ပြမည်။ဤ၌တိုက်တွန်းလိုသည်မှာ လေ့လာရာ၌ ဉာဏ်ပါဖို့ပင်၊ ဉာဏ်မပါက အငြင်းပွားစရာများတွေ့လာရမည်။

ငါတို့ ဇင်းကျိုက်တောင်ရှိနေစဉ်က အငြင်းပွားမှုလေးတစ်ခု အလှူပွဲတစ်ပွဲဝယ် သံဃာတော်များအိမ်ရှင်ကျောင်းတစ်ကျောင်းဝယ် ပေါင်းဆုံမိကြ၏။ ပရိယတ်ဝန်ဆောင်ပဋိပတ်ဝန်ဆောင်စုံလင်လှ၏။ ထိုစဉ် ပဋိပတ် ဝန်ဆောင်ကနိဗ္ဗာန်ဆိုတဲ့စကားလည်းပဲပညတ်ပဲရှိပါသေးတယ်။ ဤသို့ဆို၏။ တစ်ဖန် ပဋိယတ်ဝန်ဆောင်က စိတ်၊ စေတသိတ်၊ ရုပ်၊ နိဗ္ဗာန်လေးတန် ပရမတ် ဆိုထားရာ ဘာကြောင့် ပညတ်ဖြစ်ရမှာလဲ ဖြင့် ငြင်း၏။ မဆုံးပြီ။ ဤ၌ သိစေလိုသည်မှာ ဉာဏ်စကား ဉာဏ်နားမပါဘဲ နားထောင်ခြင်းပင်။ ထိုသို့ မဖြစ်စေရန် ကြိုတင်တောင်းပန်လို၏။ ဖြစ်နိုင် မဖြစ်နိုင် အဖန်ဖန် သဘာဝယုတ္တိ အာမဂယုတ္တိများဖြင့် ချင့်ကြည့်စေလို၏။ တစ်ဖန်သည် ရဟန်းကြီး ဘက်က ဝန်ခံလိုသည်မှာလည်း စာအုပ်များကြည့်၍ရေးခြင်းမဟုတ်။ တကယ့်ဟုတ္တိ ပတ္တိမြင်၍လည်းမဟုတ်။ ဖြစ်နိုင်၏။ ဖြစ်နိုင်ချေရှိ၏။ ယုတ္တိတန်၏။ဤအတွေးဤအသိများဖြင့်သာဝေဖန်ထားခြင်းဖြစ်၏။ သို့ကြောင့် အကျအထာကောက်၍ ဝေဖန်ခြင်းအစား အဖြစ်မှန် ထောက်ပြ၍ အကြံပေးခြင်းကို အမြဲကြိုဆိုနေမည်ဖြစ်၏။ ပရိယတ် အခြေခံ ပဋိပတ် အဖြေဉာဏ်ဖြင့် ပညာရှင်တို့ သုံးသပ်ပေးစေလို၏။

ဘုရားရှင်၏အဆုံးအမတော်များသည် နိယျာနိကလမ်းသို့ သွားလို သူများအတွက် အားလုံး ပြည့်စုံပြီးသားဖြစ်၏။"လိုသေးသည်လည်း၊ ပိုသွားပြီဟူ၍လည်း မရှိ"။

သို့ကြောင့် "ဖြည့်စွက်ရန်လည်းမလို။ နှုတ်ပယ်ရန်လည်း မလို"။ သည့်အပြင်

ထိုဘုရားအဆုံးအမတော်ကိုလျှင် စာပေပညာရှင်တို့ အနက် သဘာဝဖွင့်ပြထားသည်မှာလည်းအဋ္ဌကထာအစအနုမဓုလက်သန်း အဆုံးအထိ စုံတကာစေ့ရှိပြီးဖြစ်၏။ သို့ကြောင့်...

ဤကထာ ထိုစာများနှင့် မူကွဲပြားသော် ဝါဒတစ်မျိုးခြားဖြစ် နေလေရာ၏။

နောက်နောင်းလူတို့ တမူခွဲ၍ ဝါဒတစ်မျိုး စွဲစရာရှိနေ၏။ ထိုသို့ မဖြစ်စေရန် ဤကထာ၏ဆိုလိုချက်များဘုရားစကားနှင့်သော် လည်းကောင်း ဘုရားစကား ထပ်ပွားပွားထားသော ပညာရှင်တို့၏ စကားနှင့်သော်လည်းကောင်း ကွဲလွဲနေပါက ပြုပြင်ပေးကြပါရန် ပညာ ရှင်များအား အပ်နှံပါ၏။ တကက်တကက်စင်မှ မဟုတ် ကုတ်ဖဲ့တွေ့လျှင်ပင် ပြင်ပေးကြရန်ဖြစ်၏။

တစ်ဦးတည်း မနိုင်။ အများဝင်ကိုင်ပေးရခြင်းပမာတည်း။

တစ်ယောက်တည်းမပိုင် အများပိုင်ကိုင်သုံးသော ထုံးပမာတည်း။

**၁၃၆၂ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်နေ့၊ မောနေယျတော။**

## နတ်တလူစာစဉ်

## ၁။ ဉာဏ်တို့ကို ဖြစ်ပွင့်စေရာအပိုင်း

ဤအပိုင်းသည် ဤကထာ၏ ခေါင်းစီးမာတိကာပမာ ဉာဏ်တို့ကို ဖြစ်ပွင့်စေရာ၊ ဉာဏ်တို့ကို ကယ်တင်ရာ၊ ဉာဏ်တို့ကို သန့်စင်ရွေးထုတ်ရာများကို စိစစ်ပြရာအပိုင်းတည်း။ ထိုသို့ပြရာ၌

၁။ သိက္ခာသုံးဆင့်တို့ဖြင့် ပိုင်းခြားဝေဖန်ခြင်း

၂။ အနုပဿနာ လေးချက်တို့ဖြင့် ပိုင်းခြားဝေဖန်ခြင်း

၃။ သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ဖြင့် ပိုင်းခြားဝေဖန်ခြင်းအားဖြင့် အဆင့်သုံးဆင့် ခွဲခြားကာ စိစစ်ဝေဖန်မည်။

ထိုတွင် သိက္ခာသည် သင်ခြင်း၊ ကျင့်ခြင်း၊ သိစေခြင်းတို့ကို တာဝန်ခံရရာ သင်ခြင်း သိက္ခာကား ဆရာသမားတို့ထံမှောက်ရောက် စဉ်ကပင် ပြီးမြောက်ခဲ့ပြီးဖြစ်၏။ သို့ကြောင့် ဤကိုယ်တွေ့အပိုင်း၌

စာရင်းမသွင်းတော့ပြီ။

ဤကိုယ်တွေ့ပိုင်းသည် တကယ်ကျင့်ခြင်းစရဏ၊ အဟုတ်သိ သိခြင်းဝိဇ္ဇာတို့ဖြင့် သွားလမ်းထွင်ရ၏။

ထိုနှစ်ခုတို့အကြား ပေါင်းကူးတံတားသဖွယ်ဖြစ်သော အတည် များ ထွန်းကားသထက် ထွန်းကားလာရန် အားသစ်ရ၏။

သို့မဟုတ်...

သီလခေါ် အမှတ်မှအမှတ်၊ ထပ်၍ ထပ်၍ကျင့်ခြင်း၊

သမာဓိခေါ် အမှတ်၏နယ်အတွင်းအသိသွင်းထားပေးပြီးခြင်း။

ပညာခေါ် အမှတ်ပြသည့်နေရာက သူ့အရှိအတည့်သိသာလာစေခြင်း။

ဤသည်ပင် သိက္ခာရှင်အတွက် သိက္ခာတင်ရခြင်းတည်း။ဤသည်ပင် တရားရှင်အတွက် တရားခွင်ဝင်ရခြင်းတည်း။ ထိုသိက္ခာသုံးဆင့်တို့တွင် အကျင့်သီလကား ကိုယ်နှုတ်တို့ကို တာဝန်ယူထိန်းသိမ်းပေးရပြီး၊ ၎င်းတို့ကိုကိုင်၍ အပိုင်ကျူးလွန်လေ့ရှိသော **ဝီတိက္ကမ** – လွန်ရာမှ အကျူးကိလေသာများကို ကာကွယ်မည်။

အတည်သမာဓိကား... စိတ်သန့်စင်မှုကို တာဝန်ယူ ကွပ်ကဲပေးရပြီး စိတ်ကိုကိုင်၍ ယိုင်အောင်နှဲ့တတ်သော **ပရိယုဋ္ဌာနကိလေသာ** အတွေးဖြင့် ထကြွမှုကို ကာကွယ်မည်။

အရှိသိပညာကား... အစွဲဖြင့် ခန္ဓာထဲ အမြဲလိုက်ပါနေသော

**အနုသယကိလေသာ** များကို

(က)အာရုံမှီများကိုကား ဝိပဿနာဉာဏ်ပညာဖြင့် နှုတ်သိမ်းမည်။

(ခ) သဏ္ဍာန်မှီများကိုကား ဆိုင်ရာမဂ်ပညာများဖြင့် ရုပ်သိမ်းမည်။

ဤသို့ဆိုပြရာ၌ ကိုယ့်ဖာသာကုလားဖန်ထိုး ကိုယ့်ဖာသာပင်ကိုးချိုးယူပမာ၊ ဘောပင်ထိပ်မှင်စက်ချရုံဖြင့် အလွယ်တကူပြီးစီးခွင့်ရသော်လည်း တကယ်အဟုတ်အားထုတ်ရာ၌ကား ထင်သလောက်မလွယ်။

– သဘောမသိ သူ့အကြောင်း မဖမ်းမိဖြစ်နေက ဘဲဥအစရှာရသည်ထက်ခက်မည်။

– သဘောရိပ်မိ သူ့အကြောင်းသိလာသောအခါတွင်မူကားငှက်ပျောသီးအခွံ ခွာစားရသည်ထက် လွယ်သည်။ သို့ကြောင့် အားသစ်စ၏ ခဏိကသမာဓိအပိုင်း၊ အားတစ်ဝက်ပြ၏ ဥပစာရသမာဓိအပိုင်းများတွင် ကင်းခြေများခရီးသွားနည်းပမာ ထိုသုံးဆင့်သောသိက္ခာ (ကျင့်စရာများ) ရှေ့စိတ် နောက်စိတ်ကကူ၍လည်းကောင်း၊ ရှေ့သိက္ခာ နောက်သိက္ခာက ဝင်ပါ၍ငင်း စိတ်နှင့်သိက္ခာ၊ ခြေရာချင်းစပ် အချင်း ချင်းကပ်ဖြင့် ကုပ်ကပ်တက်ကြရသည်။

သို့တိုင်လည်း ရှေ့တိုးသလောက် နောက်လန်နေတတ်သည်။ အားဖိသလောက် အပြင်ရောက်နေတတ်သည်။အသွားထန်သလောက်

အတားကားပြန်နေတတ်သေးသည်။ ဤနေရာထိုသိက္ခာသုံးဆင့်တို့ကို

## (က)သီလ သိက္ခာတွင်လည်း

၁။ မနော၊ ဝစီ၊ ကာယ အားဖြင့် ကံသုံးဆင့်ရှိချေရာမနောကံ လက်လွှတ်၍ နှုတ်ကိုယ်တို့ချည်း မလုံလောက်ရာပြီ။ အမိန့်ပေး ဗိုက်လက်သပ်မွှေး အစေခံတပည့် ဒဏ်ပေး နေသည်ပမာ ထင်မည်။ အပ္ပမာဒ သတိမရှိ။ မနောကား မမိ၊ မနောမမိလျှင် ထိုမနောသည် အတွေးဖြင့်ပြန့်၍ လှန့်တော့မည်။

- အဘိဇ္ဈာ – တရားတခြား နှစ်ပါးစလုံး ကုန်းမွှေသော ပျံ့စိတ်ဝင်လာမည်။
- ဗျာပါဒ – မကျေချမ်းစိတ် ဖိတွန်းတွန်းလိုစိတ်များဖြင့် ပူစိတ်လည်းဝင်လာမည်။
- မိစ္ဆာဒိဋ္ဌိ – ငါ၊ ငါ၊ ငါ ဟူသော ငါဝင်ရှုပ်စိတ်များဖြင့် အထိတ်တလန့် လုပ်လာမည်။

သို့ကြောင့် အတွေးဆို ရေးရေးမျှ မဝင်သာအောင် အကျင့် သိပ်သည်းရမည်။

၂။ တစ်ဖန် ဝစီကံကလည်း အတွေးဝင် ပြောချင်လာတတ် သည်။ ထိုအပြောသည်

တရားသမား၌ မှုသားပြောလွတ်ကင်းသည်ကများ၏။ အချင်းချင်း ကုန်းချောမှု ဆဲရေးတိုင်းထွာမှုများလည်း လွတ်ကင်းသည်သာဖြစ်၏။ မလွတ်ကင်းသည်မှာ အရေမရ အဖတ်မရသောသမ္ဖပ္ပလာပ ဝစီဒုစရိုက်ပင်တည်း။

(က)မယ်မယ်ရရ တရားမတွေ့သိသူက အလုပ်စိတ်ဝင်စားစကားပြောသည်။

(ခ) ဟုတ္တိ ပတ္တိ တရားတွေ့သိသူက အလုပ်စိတ်ဝင်စားလွန်းစကားညွန်းတော့သည်။

ဝစီမလုံ အိတ်ပေါက်နှင့် ဖားကောက်နည်းပမာအရာမရောက်ပြီ။ ပထမအထိုင်က မှတ်အားများ စကားနောက် ရောပါသွားတော့သဖြင့် ဒုတိယသို့ အကူမရောက်ပြီ။

– အမှတ်က စိတ်ငြိမ်လာရန် နှလုံးအိမ်နှင့် ဘဝင်လေများ မလှုပ်ရှားရန် ဖိအားပေး။

– အပြောက စိတ်ထလာရန် နှလုံးအိမ်နှင့် ဘဝင်လေများကို ဖွပေး ဆွပေး။

ထိုအမှတ် ထိုအပြောတို့ သဘောကား လက်နှင့်ရေး ခြေနှင့်ဖျက် နှစ်ဦးပမာသာ။

သို့ကြောင့် အပြောမှန်သမျှ နည်းနည်းမျှ မရောမိရန် စိတ်ကို သိမ်းဆည်းပေးရမည်။

## နတ်တလူစာစဉ်

၃။တစ်ဖန်ကာယကံကလည်းနှုတ်နှင့်အားမရဇ,ပြ လာတတ်သည်။ ထိုဇ,ပြခြင်းလည်း သူ့အသက်သတ်ခြင်း သူ့ဉစ္စာ မပေးဘဲရယူခြင်း၊ ကာမမှောက်မှားခြင်းဟူသော ရှာတွင်းသုံး ကာမမှု ဒုစရိုက်များကား တရားဌာနဖြစ်နေသဖြင့် ကင်းရှင်းကြမည်။ မကင်း ရှင်းသည်မှာ မျက်စိကစားခြင်းနှင့်တကွ ခြေအငြိမ်မနေ လက်အငြိမ် မနေမှုများပင် ထိုမငြိမ်သောကစားခြင်းများသည် မျက်စိက စိတ်ကို ပြင်ပသို့ ခိုးထုတ်ပေးတတ်ပြီး၊ ခြေလက်အင်္ဂါများက ကာယဝိဝေက ခေါ် ကိုယ်တိတ်ဆိတ်ခြင်းကို ဖျက်ဆီးတတ်၏။ ကိုယ်မငြိမ် စိတ် ဣန္ဒြေမည်သို့ရမည်နည်း။

သို့ကြောင့် ကိုယ်လှုပ်ရှားမှုမှန်သမျှ အမှတ်ဆက်အကွက်ချ၍ ဟန့်တားနိုင်ရမည်။

ထိုသို့ ကံလုံးစုံ အကုန်လုံမှ သိက္ခာတင် သီလအရာဝင်မည်။ သိက္ခာရှင် သမာဓိသို့လည်း တွန်းအားများဖြင့် အထောက်ကူပြုသာ မည်။ သို့မဟုတ်ပါက...

– မနောပေါက်သော် ဘူးပေါက်နှင့် ရေသယ်နေသည်ပမာ ဖြစ်တော့မည်။

– ဝစီပေါက်သော် အိတ်ပေါက်နှင့် ဖားကောက်နေသည်ပမာ ဖြစ်တော့မည်။

ကာယလှုပ်ရှားသော် ခြင်းကြားကြီးနှင့် ရေသယ်နေသည်ပမာ

ဖြစ်တော့မည်။

သို့မဟုတ် အချိန်ကုန်၊ လူမော မဂ်ဇောမကျ ဖိုလ်မရဖြင့် ပြန်ကြရတော့ခြင်း။

## (ခ) သမာဓိ သိက္ခာတွင်လည်း

သတိ၊ ဝီရိယ၊ သမာဓိအားဖြင့် သုံးဆင့်ပင်ရှိနေချေရာသမာဓိ လက်လွှတ်၍ သတိ၊ ဝီရိယ နှစ်မျိုးတို့ချည်း မလုံလောက်ရာပြီ။ သတိက တွင်တွင်မှတ်ပေးနေသည်။ဝီရိယကရှေ့ကကြိုခေါ် နောက်က တွန်းပေးနေသည်။ သို့တိုင်အစတွင် ခေါင်းအေးခြင်း စိတ်အထိုင်ကျ ခြင်းဖြင့်ရသော တည်စိတ်မမွေးဘဲ ကြိုးစားက ပြာပုံခဲကျပမာ ပျံ့လွင့် စိတ်ဖြင့်သာ အချိန်ကုန်ရာ၏။

– ငါမပါ သူမစွက် လောဘ၊ သောက မဖက်မှ စိတ်အထိုင် ကျသည်။

– ရှေ့ရောက်နောက်ပြေး မည်သည့်အရာကိုမျှ မတွေးမှစိတ် အေးရသည်။ ထိုစဉ်

(၁) ကာယိကဝီရိယသည် မိမိအလုပ်ခွင်သုံး ကာယစုသို့ အားသွင်း၍ ရှေ့မှနေ လမ်းခင်းပေး။

(၂) ပွားပို့မှု သတိကလည်း ထိုကာယစု အနီးကပ် ကြည့်ရှု ၍ မှတ်ချက်သွင်း။

(၃) စေတသိကဝီရိယကလည်း ပွားပို့မှုသတိနှင့် အလုပ်ဝင်ကာယစု ပူးကပ်နေရန် နောက်ကနေ တွန်းအားပေး။

(၄) အောက်မေ့မှု သတိကလည်း ထိုကာယစုအတွင်းမှနေကပ်ရှု၍ သိမှုကိုဖော်ထုတ်။

ဤသို့လျှင် သတိနှင့်ဝီရိယ နှစ်တွဲ စိတ်အထိုင်ကျခေါင်းအေးမှုကို အခွင့်ကောင်းယူ၍ အားခဲတတ်မှသာ သတိလည်းတည်၊ အသိလည်းတည် စိတ်ဖွဲ့ချည်ပြီး ရနိုင်သည်။ သမာဓိအကူမဝင်ဘဲ ကြိုးစားက စိတ်ငြိမ်ဝပ်ပိပြားမှုလွဲချော်ရတတ်၏။

# ၃။ သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ဖြင့် ညဏ်များကို ပိုင်းခြားဝေဖန်ခြင်း

သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ဖြင့် ညဏ်များကို ပိုင်းခြားခွဲဝေရာ၌

ဤသွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ကား... ပြီးခဲ့သောသိက္ခာများကဲ့သို့ ကံစိတ်တို့ချည်း ပြီးစီးသောအရာလည်းမဟုတ်။

အနုပဿနာများကဲ့သို့လည်း သူ့ကြောင့် ကိုယ့်ကြောင့်ဖြစ်လာသော အရာများလည်းမဟုတ်။

သို့ကြောင့် ယင်းတို့ကဲ့သို့သော အလုပ်မျိုး မလုပ်ကြပြီ။

စင်စစ် ထိုသွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့သည် ကံ၊စိတ်၊ ဥတု၊ အဟာရဟူသော လေးပါးဆုံအကြောင်းများကြောင့် ဖြစ်ရသော

အိမ်တွင်းပုန်း အလုပ်သမားများချည်း ဖြစ်ကြ၏။

အလုပ်သမား ဆိုသော်လည်းဆိုင်းဘုတ်သာချိတ်၍ အလုပ်မလုပ်သော အလုပ်သမားမျှသာ။ ၎င်းတို့အလုပ်မှာ ကိလေသာသံယောဇဉ် နီဝရဏ စသည်အယုတ်တရားများ ခန္ဓာတွင်းကွင်းဆင်းကြကာ ရုပ်သမျှအလုပ် အကုန် ကုန်းကျုံးလုပ်ရာတွင် အိမ်ရှင်အဖြစ် (ခေါင်းအဖြစ်) လက်ခံသောအလုပ်ပင်။ သို့ကြောင့် သိက္ခာရှင်များနှင့်ဆန့်ကျင်ဘက်။ ထိုလေးပါးတို့တွင် သွေးနှင့်လေကား အခရာ၊ အညှာတည်း။ သည်းခြေ သလိပ်တို့ကား အရံအကူတည်း။

– စရိုက်မှန်သမျှ သွေးများနှင့်သာ ဆက်ဆံ၏။

– ဉာဉ်မှန်သမျှလည်း သွေးအလိုက် စရိုက်ဝင်ရာနှင့်အတူဝင်၏။

ထိုစရိုက်သွေး ဉာဉ်သွေးများကား

သတ္တဝါအဖြစ်ဖြင့် သံသရာခရီး အတိုအားဖြင့်အရှည်အားဖြင့် လှည့်လည်ခဲ့ စုဆောင်းခဲ့ရာမှ ပါသမျှတို့ကို အသီးအရွက်တို့ဖြင့် ဝေဝေဆာဆာကြီး ဖြစ်ပွားနေသော သရက်ပင်ထီးထီးကြီးသည် သရက်စေ့၏ထိပ်ဝမှာပင် ရှိနေပါသည်ပမာ။

ဖြစ်ပွားခဲ့သမျှ ခန္ဓာတိုင်း၌ အငွေ့သတ္တိစု အနုသယအဖြစ် ကိန်းအောင်းလာပြီး ဤဘဝကူးခါနီးတွင်လည်း ပဋိသန္ဓေစိတ်က အစွဲဖြင့်ယူလာခဲ့ရာ ထိုအနုသယဗီဇသတ္တိကား ဘဝစကတည်းက

ပါလာပြီးဖြစ်နေ၏။ ကလလရေကြည်မှ အဆင့်ဆင့်သွေးများ ကိုယ်ထည်များ ထင်ရှားလာသလောက် သူလည်း ဝေဆာလာ၏။

သွေအားမဝင့် အရွယ်မရင့်မှီ ဗီဇသတ္တိဖြင့် ငြိမ်ကုပ်နေ၏။

သွေးအားဆူပွက် အရွယ်တက်လာလျှင်ကား စရိုက် ဉာဉ်တို့ဖြင့် ဇပြနေတော့၏။

သို့ကြောင့် သွေးကားစရိုက်တို့ကို မွေးဖွား၏။ လေကားစရိုက် သွေးတိုးရန် လှုံ့ဆော်နေရကာစရိုက်များ၏အဖအရာတည်၏။

ဉာဉ်စရိုက်တို့ လှုပ်ရှားလျှင် ဖခင်လေ အငြိမ်မနေနိုင်။

ဖခင်လေဆော့ကစား၊ မိခင်သွေးလည်း ခြေကားရားလက်ကား ရားပင်။

တစ်ဖန် ၎င်းသွေးလေတို့ကြောင့် ဖြစ်ရသောစိတ်သည် သွေးလေတို့၏ ထန်အလိုက် မာန်ဝင်လာတတ်ချေရာ။

(က) ရေ၊ မြေနှင့်ဆက်ဆံသောသွေးက ရာဂစရိုက်ကို တိုက်ရိုက်တာဝန်ခံ၏။

(ခ) လေ၊ မီးနှင့် ပတ်သက်နေသော လေက ဒေါသစရိုက်ကို တိုက်ရိုက်တာဝန်ခံ၏။

၎င်းတို့နှင့်မကင်းရာ မကင်းကြောင်းများကိုလည်း ၎င်းတို့ထဲဆွဲသွင်းရ၏။

တစ်ဖန် သည်းခြေနှင့် သလိပ်တို့ကား အရေးပါသော နောက်

လိုက်အဖော်များတည်း။

စရိုက်၊ ဉာဉ်တို့၏ ထက်မြက်ခြင်းသည် အမှတ်သည်းခြေ ကြောင့်၊

စရိုက်၊ ဉာဉ်တို့ ဖုံးလိုရာ ပိတ်ကာ ကာဆီးခြင်းသည် သလိပ် ကြောင့်၊

ထိုနှစ်ခုတို့ ဖြစ်ပွင့်လာရသော စိတ်အစဉ်များအား

(က) သည်းခြေကြောင့်ပင် ကြိုက်ဆွဲ မကြိုက်ဆွဲ မသိစွဲ ငါစွဲ အားကြီး၏။

(ခ) သလိပ်ကြောင့်ပင် မောဟစရိုက် မသိလိုက်ဖာသာ ဖြစ် စေ၏။

မသိမှုအဝိဇ္ဇာ သုံးမျိုးတို့တွင် တွေဝေမိန်းမောခြင်း ပင်မကား သလိပ်ထူပြောခြင်းလျှင် အရင်းခံရှိ၏။ ထိုင်းမှိုင်း ပျင်းရိခြင်းကိုလည်း ဖြစ်စေ၏။ သွေးလေ အသွားအလာများကိုလည်း ပိတ်ဆို့ပေးကာ တက်စိတ်မှ ကျစိတ်သို့ပြောင်းပေးတတ်၏။ သို့ကြောင့်

၎င်းတို့လေးမျိုးသည် သင်္ခါရလေးမျိုးတို့ ပို့ပေးနေသော ရိက္ခာ များကိုယူ၍ ရာဂ၊ ဒေါသ၊ မောဟ၊ စရိုက်များနှင့်တကွ ၎င်းတို့နောက် လိုက်များကိုပါ အိမ်သွင်းလက်ခံကာ

ကိုယ်ဖြင့်လည်း ဒုစရိုက်အမျိုးမျိုး ချိုးဖောက်စေသည်။

နှုတ်ဖြင့်လည်း ဒုစရိုက်အမျိုးမျိုး ချိုးဖောက်စေသည်။

## နတ်တလူစာစဉ်

စိတ်ဖြင့်လည်း ဒုစရိုက်အမျိုးမျိုး ချိုးဖောက်စေသည်။

ကြံသမျှကိစ္စ သူတို့နှင့်မကင်း ပြောသမျှ ပြုကျင့်သမျှလည်း သူတို့နှင့်မကင်း။

– ကိလေသာသံယောဇဉ် စသည်များကို အိမ်ရှင်အဖြစ် လက်ခံ ၍ မိမိအိမ်တွင်း အတူနေစိတ်နှင့် တိတ်တဆိတ် ဆက်သွယ်ပေးသော ထိုလေးမျိုးတို့ကို

– စစ်မှန်သော သာသနာတော်နှင့် လူအဖြစ်ကြုံခွင့်ရစဉ်

– စစ်မှန်သော ဆရာသမား၏အကူဖြင့် လူကျင့်ကျင့်ခွင့်ရစဉ် ဤအခွင့်အရေးများကြောင့် ပြောင်းလဲသော သွေး၊ သည်းခြေ၊ လေ၊ သလိပ်အဖြစ် တော်ဝင်ဖြစ်စေလိုက်သောအခါ

ရာဂကျင့်မှ သဒ္ဓါကျင့်သို့ စရိုက်များပါပြောင်းလဲလာ၏။

ရာဂကား ကိုယ်ကောင်းဖို့သာယုံ၏။ သဒ္ဓါကား သူကောင်းကို ယုံ၏။ ဆန့်ကျင်ဘက်။

ဒေါသကျင့်မှ ပညာကျင့်သို့ ပြောင်းလဲလာ၏။

ဒေါသကား သူ့အပြစ်ကြည့်၏။ ပညာကား ကိုယ့်အပြစ် ကိုယ် ကြည့်၏။ ဆန့်ကျင်ဘက်

မောဟကျင့်မှ ဝိတက်ကျင့်သို့ ပြောင်းလဲလာ၏။

မောဟကား တွေလျှင်တွေ မတွေလျှင် ပြေး၏။ ဝိတက်ကား တစ်ခုဆိုတစ်ခု စုစည်း၍ကြံ၏။ ဆန့်ကျင်ဘက်…။

## နတ်တလူစာစဉ်

ထိုတွင် ရာဂ၏စရိုက်ဉာဉ်သည် အလိုရမက်ကြီးလွန်းရကား အာရုံဝတ္ထုတစ်ခုခု မြင်လိုက်ရသည်နှင့် ကောင်းမကောင်း အဆုံးထိ လိုက်မကြည့်နိုင်။ မြင်ရာမှပင် ဖမ်းကြိုက် ဖမ်းသိမ်းပိုက်ပြီး လွှတ် လိုက်ချည်းသာ။

သဒ္ဓါကား ထိုသို့မဟုတ်ပြီ။

တစ်ဖက်ပုဂ္ဂိုလ်သို့ အာရုံယူစဉ်ကပင် အကျင့်သိက္ခာ၌သာ နားသက်သဖြင့် မကပ်ငြိ။ ထိုတစ်ဖက်ကောင်းစားရေးသို့သာ စိတ် အားသာနေတော့သဖြင့် ကိုယ်ကျိုးစွန့်ပြီ။

– တစ်ဖန် ဒေါသစရိုက်ဉာဉ်သည် အမျက်ထန် မာန်ကြီးလွန်း လှရကား အာရုံဝတ္ထုတစ်ခုခု မြင်ရကြားရမိတိုင်း အဆုံးထိမစောင့် နိုင်တော့ဘဲ ထိုနေရာမှပင် တိုက်ခိုက်လွှတ်လိုက်သည်ချည်းသာ။

– ပညာကား ထိုသို့ မဟုတ်ပြီ။

ဖြစ်လာသောပြဿနာ၊ တွေ့လာရသော အရာဝတ္ထုတိုင်းတို့၌ မိမိ၏ အတွင်းထဒေါသမာန်ကို သတိဖြင့် ခုခံနှိမ်နင်းပြီး တစ်ဖက် အတွင်းလေ့လာရေး ကွင်းဆင်းကြည့်၏။ အတွေ့ပေါ် အတွေးတင် ဆင်ခြင်ဉာဏ်ဝင်ကြည့်၏။ ပြီးမှသာ ဆုံးဖြတ်ချက်ဖြင့် ဆက်ဆံ၏။

– မောဟစရိုက် ဉာဉ်သည်ကား ထိုရာဂဒေါသတို့ကဲ့သို့ တက်သွေးမှုဖြစ်သော အရာမဟုတ်ရကား တက်စိတ်မဟုတ်၊ ကျစိတ်၊ တွေစိတ်။ သို့ကြောင့် မည်သည့်အာရုံမှ မမိတတ်။ မိပါသော်ကား

ထိတစ်ဝက် လွတ်တစ်ဝက် သို့မဟုတ် ပျံ့မျောမျောလျက်။ သို့ကြောင့်လည်း မိမိပိုင်မှုဝါဒမရှိ။ မိမိကိုယ်အပိုင်ရလည်းမရှိ။ သူတကာကောင်းလျှင် လိုက်ကောင်း၏။ သူတကာပေါင်းရာ လိုက်ပေါင်းရ၏။ အောက်တန်းစား နောက်လိုက်အဆင့်မျှသာ။

ဝိတက်ကား ထိုသို့ မဟုတ်ပြီ။

သတိအကူပါခြင်းကြောင့် တွေဝေခြင်း ပျံ့မျောခြင်းကင်း၏။ အမှားတွေးများမှလည်း စင်ကြယ်၏။ ထိုအမှားတွေးများဖြင့် ဆန့်ကျင် ဘက်ဖြစ်သော အမှန်တွေးများအပေါ်၌သာ

– တစ်ခုဆို တစ်ခု ထိထိမိမိနှိုက်ချွတ်ရှု၏။ ယထာဘူတဉာဏ် အရာဝင်၏။

– ငါ သူ သုံးသပ်မှုကို လက်လွှတ်၏။ သမ္မာ အရာဝင်၏ မိစ္ဆာဉာဉ်အလျဉ်ပြတ်၏။

ထိုသို့ အဆိုးမှ အကောင်းပြောင်းလိုလျှင်

ဦးစွာသွေးလေတို့ အတိုးမကြမ်းအောင် နှိပ်ကွပ်ပေးရရာ၏။ သည်းခြေတို့ အေးလာစေရန်နှင့် သလိပ်များ ပျော်သွက်နေစေရာ၌ အထောက်အကူပြု၏။ နှလုံးသွေးပူခြင်း၊ ပွက်ခြင်း၊ နောက်ကျုနေခြင်းများကိုလည်း ကုသပေးပြီးဖြစ်၏။။ စိတ်မှန်အာရုံမှန်သို့ ရှေးရှု၏။

ထိုစဉ် သတိအသိတို့ ပြုပြင်မှုကို ခံယူလျက်က

(၁) သည်းခြေအေး၍ ငြိမ်သက်လာသော် သမထအရာဝင်

လာခြင်း၊ ဉာဏ်အားဖြင့် နာမရူပ–ပရိဂ္ဂဟ ဟူသော ဝိပဿနာတို့၏ ရှေ့ပြေး အခြေခံဉာဏ်များအထိ ပွင့်သော ၏။ သို့ကြောင့် သမထနှင့် ထိုဉာဏ်နှစ်ပါးသည် သည်းခြေကောင်းမှ ခေါင်းထောင်ထလာခြင်းတည်း။

(၂) သတိ၊ အသိတို့ ဖိအားကြောင့် ဝင်လေထွက်လေအသွား လာမှန် သွေးတိုးများလည်းမှန်နေတော့သောအခါ သမ္မသန၊ ဥဒယဗ္ဗယဉာဏ်များပွင့်သာကြ၏။ သို့ကြောင့် ဖြစ်စဉ်ပျက်စဉ်လက္ခဏာ ထင်လာစေသော ထိုဉာဏ်များဖြင့်ဝင်ထွက်လေနှင့်ပြင်ပလည်ပတ်သွေးများ၏ နယ်ပယ်တည်း။ သို့မဟုတ် ဘဝင်မမြင့် သွေးနားထင် မဝင့်ရာမှ ပွင့်သောဉာဏ်များ။

(၃) သတိ အသိတို့လုပ်အားကြောင့် အတွင်းနေ လေငါးမျိုး (ဘဝင်လေနှင့်တကွ ခန္ဓာတွင်းနေ လေအားလုံး)တို့ ငြိမ်သက်သွားကြလေသောအခါ ခန္ဓာတွင်း၏ဓာတ် ဓာတ် ချင်းဖျက်၊ ခန္ဓာခွင်အစဉ်ပျက်ချည်းသာ တွေ့သိခွင့်ရစေသော ဘင်္ဂအုပ်စု ဉာဏ်စဉ်များပွင့်သာကြ၏။ သို့ကြောင့် အပျက်မြင်ဉာဏ်များသည် အတွင်းထလေ ငြိမ်သက်ရာမှ ပွင့်လာခြင်းတည်း။

(၄) တစ်ဖန် အသိရှေ့သွား၊ သတိဖေးအားကြောင့် နှလုံးသွေး

ငြိမ်သက် သလိပ်များလည်း အထူးရှင်သွက်လာသော အခါ ဝိပဿနာအထက်ပိုင်းဉာဏ်များ ဖြစ်ပွင့်လာကြရ ခြင်းတည်း။

ဤ၌ မှတ်သားရန်မှာ

– သညာမှတ်၊ ပညတ်သိများကို အထူးအားဖြည့်ပေးလေ့ရှိ သော သည်းခြေကို သတိဖြင့် အေးစေ ငြိမ်စေခြင်းကြောင့် သမထ နှင့် အခြေခံဝိပဿနာဉာဏ်နှစ်ဆင့်၊

– ကာမအားနှင့် မြဲကောင်းပိုင် လက်ကိုင်ထား စိတ်ကို အထူးအားပေးလေ့ရှိသောသွေးများနှင့်ဝင်ထွက်လေပုံမှန်ခြင်းကြောင့်ကား ဝိပဿနာဉာဏ် အောက်ပိုင်းမှနှစ်ဆင့်အထက်၊

– ငါသူ၌ အထင်ကြီးမှုများနှင့် ကာမအာရုံတို့အပေါ် ခုံမင်လေ့ ရှိသောစိတ်ကို လှုံ့ဆော်ပေးတတ်သော အတွင်းထလေများ ငြိမ်သက် ခြင်းကြောင့်ကား ဘင်္ဂအုပ်စု၏အပျက်မြင်များ။

– ဘဝအာရုံတို့အပေါ် ခုံမင်စိတ်၊ သင်္ခါရတို့ပြုပြင်မှုကို ခံယူ လိုစိတ်များကို အားပေးတတ်သော နှလုံးသွေးနှင့် သလိပ်များ ငြိမ် သက် ရှင်သက်ခြင်းကြောင့်ကား ဝိပဿနာအထက်ဉာဏ်များ။

ထိုသို့ခွဲထားရာ ထိုသွေး၊ သည်းခြေ၊ လေ၊ သလိပ်များထက် ၎င်းတို့လက်ခံထားသော နီဝရဏအတားများ ဖယ်သွားသောကြောင့် ဆိုက ပို၍ ယုတ္တိတန်ရာ၏။ သို့တိုင်လည်း

## နတ်တလူစာစဉ်

မိမိ၏ခန္ဓာတွင်း အခြေအနေသိအောင် ဖွင့်ပြခြင်းဟုသဘော ပိုက်စေလို၏။

ထိုဝိပဿနာဉာဏ်များမှတစ်ဆင့် အထက်မဂ်များသို့တက်ရာ၌လည်း

– မှတ်စွဲအားကြီးသော ဒိဋ္ဌိပြုတ်သည်နှင့် သည်းခြေလည်း ပုံမှန်အလုပ်လုပ်၏။

– ကြိုက်စွဲ၊ မကြိုက်စွဲ အားကြီးသော ရာဂ၊ ဒေါသပြုတ်သည် နှင့် သွေးလေလည်း ပုံမှန်အလုပ်လုပ်၏။

– မသိစွဲအားကြီးသော မောဟပြုတ်သည်နှင့် သလိပ်လည်း ခဲကြပ်သည်မရှိတော့ပြီ။

ဤ၌လည်း သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ကို အထူးပြု ဆိုသော်လည်း စင်စစ် သတိ၊ အသိတို့၏စွမ်းအားကြောင့် ဆိုသည်ကို အထူးမှတ်စေလို၏။

သွေးသည် အသက်ဆို၏။

ထိုအသက်သည် အကျင့်ကိုပျက်စေသောရာဂ၊ဒေါသ၊မောဟ စရိုက်တို့၏ အသက်မဖြစ်စေသင့်။

ယင်းတို့အစား…

– လူဆိုလျှင် သွားလမ်းကိုတိကျစွာ မျှော်မှန်းဖောက်ထွင်း ထားသော ယုံကြည်ချက်ရှိရမည်။

**နတ်တလူစာစဉ်**

– လူဆိုလျှင် အကောင်းနှင့်အဆိုး အကြောင်းနှင့်အကျိုး စိစစ်နိုင်သော ဉာဏ်ပညာရှိရမည်။

– လူဆိုလျှင် မှန်ရာကိုတွေးတော ကြံဆလျက် အမှန်ဘက်သို့သာ ထွက်နိုင်ခဲ့ရမည်။

ထိုဉာဉ်၊ စရိုက်ကောင်းတို့ ဖွံ့ဖြိုးလာပါလျှင်

သွေးသည် သောင်းကျန်းတော့မည်မဟုတ်။ လေကလည်း ချောက်ချားတော့မည်မဟုတ်။ သည့်အတူ သည်းခြေများလည်း အား နည်းခြင်း၊ ခမ်းပူခြင်း၊ ပျက်ခြင်း ရှိတော့မည်မဟုတ်။

သန္ဓါရလေးမျိုး(ကံ–စိတ်–ဥတု–အဟာရ)တို့ကြောင့် သလိပ်ဖြစ်ရပါသည်ဆိုသော်လည်း ထိုလေးမျိုးတို့နှင့် တိုက်ရိုက်မဆက်ဆံ။ ဓာတ်လေးပါးတို့ကြောင့် ဖြစ်လာရပါသည်ဆိုသော်လည်း ထိုဓာတ်တို့နှင့်လည်း တိုက်ရိုက်မဆက်ဆံ။ စင်စစ် ရေနှင့်မြေသတ်ပုတ်ရာမှ ထွက်ပုပ်ပမာ။

ခန္ဓာတွင်းအချင်းချင်း နင်းရာမှထလာရသော သလိပ်သည် လည်းအားကြီးလာခြင်း၊ ကြပ်ခံခြင်းအလျင်းရှိတော့မည် မဟုတ်ပြီ။ သို့ဆိုသော်

– ဉာဉ်စရိုက်ဆိုးကိုလည်း ကံစိတ်တို့ကပင် တီထွင်သည်ဖြစ်ရာ။

– ဉာဉ်စရိုက်ကောင်းကိုလည်း ယင်းကံစိတ်တို့ကပင် တီထွင်

သည်ဖြစ်ရာ။

သင့်၌ စိတ်ကောင်းဖို့သည်ပထမ၊ ကံကောင်းဖို့သည် ဒုတိယ မဟုတ်လော။

**"ဤကား သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ဖြင့် ညာဏ်များကို ခွဲစေရာအပိုင်း။"**

## အားလုံးတို့၏သတိ

ဆိုအပ်ခဲ့ပြီးသော သိက္ခာ၊ အနုပဿနာ၊ သွေးအုပ်စုတို့သည် သတိ၏လက်အောက်မှာပင် ရှိကြ၏။

သတိလျှင် အရှင်သခင်ဖြစ်၏။ ထိုစဉ်

– သိက္ခာသည် သတိဗိုလ် မောင်းနှင်ရာယာဉ်တည်း။

– အနုပဿနာသည် သတိကျက်စားရာ နယ်တည်း။

– သွေးအုပ်စုသည် သတိဖြိုခွင်းရာ ရန်သူ့ခြေကုပ်တည်း။

တစ်ဖန် ထိုသတိ၏နောက်တွင်

သတိပဋ္ဌာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဗိုလ်ငါးပါး၊ ဣန္ဒြေငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးတည်း ဟူသော ဗောဓိပက္ခိယ(အမှန်တရားသစ္စာသို့ ငဲ့စေ ဆိုက်စေသော)

**နတ်တလူစာစဉ်**

တရားသုံးဆယ့်ခုနစ်ပါးတို့သည်လည်း မှီခိုလိုက်ပါနေကြ၏။ ထိုစဉ်

သတိသည် သူ့ကိုယ်သူ ရပ်တည်နိုင်အောင်ကြိုးစား၏။ သမာဓိမဂ္ဂင် ဖြစ်သွားပြီ။

သတိသည် အသိကိုနောက်ပါခေါ်၍ သိစေ မြင်စေ၏။ပညာမဂ္ဂင် တွဲခိုလာပြီ။

သတိသည် ကံသုံးဆင့်အကျင့်မှန်ကန်လာစေ၏။ သီလမဂ္ဂင်ပါ တွဲခိုလာပြီ။

ထိုသို့ သတိ၏ အစည်းအရုံးတို့ကြောင့် သိက္ခာသုံးဆင့်တို့ သူ့နေရာနှင့်သူ ဝင်ရောက်လာကြကာတာဝန်ထမ်းလိုက်ကြသည်နှင့် မဂ္ဂင်သည် ယာဉ်အရာဝင်ပြီ။ သည့်အတူ

ထို သတိ၏ကိုယ်ခွဲ ကိုယ်ပွားများဖြစ်ကြလေသော သတိပဋ္ဌာန်လေးမျိုးတို့ကအစ အားလုံးသတိနောက်မှချည်းကပ်ဝင်လာသော အခါ၊ ကျန်ဗောဓိပက္ခိယ အသင်းဝင်များလည်း မနေသာပြီ။ သူ့နေရာ သူ့တာစီကာ စဉ်ကာထမ်းဆောင်လာကြရပြီ။ သို့ကြောင့် သတိသည် အားလုံးတို့၏သတိတည်း။

ထိုမျှစွမ်းအားကောင်းသော(စည်းရုံးအား)သတိသည်

သိက္ခာဟူသော ဒေါက်သုံးဒေါက်ပါ ဘီးထက်တွင် ရှစ်ပါးသော မဂ္ဂင်ယာဉ်တင်ကာ

အနုပဿနာနယ်လေးရပ်တို့အတွင်း ရှင်းလင်းရေးဆင်း၏။

## နတ်တလူစာစဉ်

ထိုစဉ်

– ရင်ဆိုင်မိသမျှ ကိလေသာ... သူ့လက်ချက်ဖြင့်ပင် အသက် ငင် အသက်ထွက်စေရသည်။

သူ့နောက်ပါ အသိကိုလည်း အကြည့်ခိုင်း အသိခိုင်းကာ သိစေသည်။

သူ့တစ်ဖက် လက်ရောက်နေသော စိတ်ကိုလည်းကိုယ့်လက်မှာ အပါခေါ်ထားသည်။

ဤသည်မှာ မှတ်ခြင်းဟူသော သတိတစ်ချက်က သိက္ခာရှင်၏ လက် ထိုးအပ်ပေးသော ပစ္စည်းသုံးမျိုးတည်း။

သို့မဟုတ် တစ်ချက်မှတ် အမြတ်သုံးမျိုးထွက်ကိန်းသေနည်း။

ထိုသတိသည် သူသွားလေရာ ဝီရိယနှင့်အသိ အတူခေါ်လေ့ရှိရာ

– ဝီရိယကို ရှေ့မှအားယူခြင်း ဘေးမှကြပ်မတ်ပေးခြင်းများကို တာဝန်ပေး၏။

– အသိကို သညာသိအပေါ် ပိုးသိသိခြင်း၊ ဖြစ်ပျက်သိခြင်း၊ သဘာဝသိခြင်းများကို တာဝန်ပေး၏။

သို့ကြောင့် ထိုအုပ်စုတို့သွားလေရာတိုင်းတို့၌

– နယ်ပယ်သည် အတားကင်းကင်း ရှင်းလင်းပြီးသားချည်း ဖြစ်နေတတ်သည်။

## နတ်တလူစာစဉ်

– သွေးများအဆင့်ဆင့် ပြောင်းဝင်လာနေကြသဖြင့် စိတ်များလည်း အရှိန်းမှအယဉ် ကူးဝင်လာသည်။

– သည်းခြေ သလိပ်တို့ အပိတ်အဆို့ကင်းလာသလောက် အသိဉာဏ်လည်း ဝင်ရောက်လာသည်။

ကာယ၊ ဝေဒနာ၊ စိတ်၊ ဓမ္မ မည်သည့်နေရာ မည်သည့်နယ်ပယ်တွင်း ဝင်ဝင် ထိုရလာဒ်များကား သဘောတူအားဖြင့်ရနေတော့သည်သာ။

# သတိ၏ကိုယ်ပွားများ

သတိဟူသော အက္ခရာနှစ်လုံးတို့အတွင်း၀ယ်…

ရှုကြည့်ခြင်း၊ မှတ်ချက်ယူခြင်း၊ အောက်မေ့အမှတ်ရခြင်း၊ ဆင်ခြင်ခြင်းဟူသောသဘာ၀ထွက်အနက်အဓိပ္ပာယ်များစုံပြုံနေကြရာ

(က) ပွားပို့သတိ

(ခ) အောက်မေ့သတိဟူ၍ နှစ်ပါးပြားလာ၏။ ထိုတွင် ရှုကွက်၀မှနေမှတ်ချက်ယူကာသတင်းပို့နေသော(၀င်တယ်၊ ထွက်တယ် စသည်) သတိသည် ပွားပို့ခြင်းကို တာ၀န်ယူ၏။

တစ်ဖန် ထိုရှုကွက်၀၏ အတွင်းနားကပ်လျက်ကပင် (၀င်ဘယ်လို ထွက်ဘယ်သို့စသည်) သတိသည် အောက်မေ့ဆင်ခြင်မှုကို တာ၀န်ယူ၏။

**နတ်တလူစာစဉ်**

ပွားပို့မှုက စိတ်အတွေး အပြေးမရှိစေသောအားဖြင့် ပညတ်ကို မြှုပ်သတ်စေမည်။

အောက်မေ့မှုက အစွဲသိ မကပ်သာစေသောအားဖြင့်ပရမတ်ကို ဖော်ထုတ်ပေးမည်။

သည့်အတူ ပွားပို့မှုက သမာဓိကိုဖြစ်စေပြီး အောက်မေ့မှုက ပညာကိုဖြစ်စေမည်။

တစ်ဖန် ထိုပွားပို့ အောက်မေ့တို့၌ပင်

– ပွားပို့မှု၌လည်း စေ့စေ့စပ်စပ်မှတ်ခြင်း၊ စူးစူးစိုက်စိုက်မှတ်ခြင်းနှစ်မျိုး။

– အောက်မေ့မှု၌လည်း စေ့စေ့စပ်စပ်မှတ်ခြင်း စူးစူးစိုက်စိုက်မှတ်ခြင်းနှစ်မျိုး။

ဤသို့လည်း လက်ပွားအကူ အတူဝင်လာဦးမည်။ ထိုတွင်

စေ့စပ်အားက ကျင့်အားခေါ် သီလသိက္ခာကို တွန်းအားပေးမည်။

စူးစိုက်အားက တည်အားခေါ် သမာဓိသိက္ခာကို အားဖြည့်ပေးမည်။

ဤနည်းဖြင့်ပင် သိက္ခာယာဉ်ကို မောင်းနှင်မည်။

ဤနည်းဖြင့်ပင်အနုပဿနာ နယ်ပယ်ခွင် ရှင်းလင်းရေးဝင်မည်။

ထိုသို့ဝင်ရာတွင်

အစစွာအားထုတ်သူ၌ စေ့စပ်အားအကူမျှ ရယူရမည်။ သမထ

ဖြင့် သမာဓိအခြေခံမရမချင်း ယင်းစေ့စပ်အားကိုသာ အားကိုးရမည်။ စူးစိုက်အားကား သမာဓိမှ ပညာအကူးမှ စတင်သုံးစွဲရသည်။

ပွားပို့ အောက်မေ့နှစ်ခုတို့တွင်လည်း

အစစ္စာမှသည် ဝိပဿနာတို့၏ အလယ်ပိုင်းဖြစ်များ ဖြစ်ကြလေသော ဘင်္ဂအုပ်စုမကျော်လွန်မချင်း ပွားပို့မှုကို လက်မလွှတ်ရပြီ။ ဆက်တိုက်မိလေ တစ်ဖက်အထိနာလေဖြစ်ရာ အပွနာ(မလှုပ်မယှက် အတားတို့ပျောက်ချက်သားကောင်းစေသည်)အထိ ထိုပွားပို့အား အထူး အားထားရသည်။

အပွနာရောက်လျှင်ကား အစမျှ ပွားပို့ပေးရုံသာ။ ထိုနေရာသည် အတွင်းထားအောက်မေ့မှု တာဝန်ယူအလုပ်လုပ်သော နေရာတည်း။

ပွားပို့မှုသည် သတိကျက်စားရာ၏ လက်နက်တည်း။

အောက်မေ့မှုသည် အသိကျက်စားရာ၏ လက်နက်တည်း။

သို့ကြောင့် ပွားပို့မှုဖြင့် သမာဓိဉာဏ်ဖြစ်စေပြီး အောက်မေ့မှုဖြင့် ပညာဉာဏ်များကို ဖြစ်စေမည်။

စျာန်အင်္ဂါတို့ရှိ ဝိတက်နှင့်ဝိစာရ(အာရုံအများအစားထဲမှ တစ်ခုတည်းသော အာရုံကို မဲတင်းတင်းပေးခြင်းနှင့် ထိုအာရုံပျောက်ပျက်လက်လွှတ်မခံ ကပ်၍သုံးသပ်ပေးနေခြင်း)ထိုကဲ့သို့ တာဝန်ကိုလည်း ထိုပွားပို့မှုနှင့် အောက်မေ့မှုတို့က ပူးတွဲကာ တာဝန်ယူကြသေးသည်။ ထို့ကြောင့်

ထိုသတိလေးမျိုးတို့ကို တာဝန်ခွဲဝေပေးရသော်

(၁) ပွားပို့မှုက အစစွာ အခြေခံအစပျိုးမှ ဥပစာရနယ်လွန်သည်အထိ အဓိကတာဝန်ယူ။

(၂) အောက်မေ့မှုက ပွားပို့မှုတာဝန်ယူစဉ် အကူမျှပါပြီး အပ္ပနာရောက်လျှင် အဓိကတာဝန်ယူ။

(၃) စေ့စပ်မှုက အစစွာ အခြေခံမှ သမထနယ်ပယ်အထိ အဓိကတာဝန်ယူ။

(၄) စူးစိုက်မှုက ဝိပဿနာစပြီဆိုကတည်းက အဆုံးထိ တာဝန်ယူရမည်။

ဤကား သတိလေးမျိုးတို့ အလုပ်လုပ်ရပုံတည်း။

ဤ၌ အဓိကတာဝန်ယူဟူ၍ အဓိကဖြင့် ဝိသေသ မ၍ ဆိုထား ခြင်းသည် အခြားနေရာများ၌လည်း ထိုက်သင့်သလို ပါဝင်ရဦးမည်ကို သိစေလို၍တည်း။

တစ်ဖန် ထိုသတိများသည် သူ့နောက်ပါ အသိအား

(၁) သိစရာရှိသည်ကိုလည်း အလုံးစုံ အကုန်သိလာရန်ကိုလည်း တာဝန်ယူ၏။

(၂) မိမိစိတ်ကိုလည်း မိမိပိုင်ဆိုင်ခွင့်ရရန်ကိုလည်း တာဝန်ယူ၏။

(၃) ကိလေသာအဆီးအတားများကိုလည်း ဖယ်ရှားသုတ်သင်

ပစ်ခဲ့ရန်ကိုလည်း တာဝန်ယူ၏။

ထိုသို့လည်း တာဝန်ယူရသေးရာ

အစွဲဉာဏ်၊ အမှတ်ဉာဏ်၊ အသိဉာဏ်ဟူ၍ ဉာဏ်သုံးမျိုးကိုလည်း ခွဲခြားသန့်စင်ပေးရဦးမည်။

အစွဲသိ – သမာဓိဉာဏ်၏အသိ ပညာဉာဏ်၏အသိထူးများတည်း။

အစသော် သူ့အရှိတည့်တည့်သိရန် သူ့သညာသိအတိုင်းလျှင် လိုက်မှတ်ပေး၏။ ထိုသို့ပေးရင်းက သူ့အရှိ၏ လှုပ်ရှားမှုကို သိလာစေသောအခါ အစွဲသိကို ဖြုတ်ပစ်ထားခဲ့၏။ တာဝန်ကျသဖြင့် မှတ်တမ်းယူခြင်းသာရှိ၍ အစွဲမမိခြင်းတည်း။

တစ်ဖန် သူ့လှုပ်ရှားသိ၊ ဖြစ်ပျက်မြင် အားပြည့်လာစေသောအခါ အမှတ်သိကို ကျော်လွှားခဲ့၏။ ဖြောင့်ချက်ပေးဖြစ်နေသဖြင့် အသိမှတ်ပြုခြင်းသာရှိပြီး ထို၌စိတ်မနားခြင်းတည်း။

သို့ကြောင့် ထိုသတိအုပ်စုသည်

သညာသိ၊ ပညတ်သိ အဝိဇ္ဇာသိများမှ ပညာသိ၊ ပရမတ်သိ၊ ဝိဇ္ဇာသိများသို့ ပြောင်းပေးနေ၏။

တစ်ဖန် စရဏမှ ဝိဇ္ဇာသို့လည်းကောင်း၊ သီလမှ ပညာသို့လည်းကောင်း ပြောင်းပေးနေ၏။ သတိ၏စွမ်းဆောင်ချက်များတည်း။

## နတ်တလူစာစဉ်

ထိုသို့ စွမ်းဆောင်မှုပေးနိုင်ရန်အတွက်ကိုကား

ထိုသတိသည် သူ့ကိုယ်သူ အမှတ်မှ အမှတ်သို့ဖြင့်ရှေ့အမှတ်နှင့် နောက်အမှတ်တို့ ဆက်စေ၍ အင်အားကို မွေးဖွားခဲ့ရ၏။ ရေနစ်သူကို ကယ်ဆယ်လိုသူသည် သူ့၌(ဒုက္ခရောက်နေသူထက်)အားဆယ်ဆမျှ မွေးပြီးမှ ကယ်ရပုံပမာတည်း။

သူနှင့်အတူ သူ့နောက်မှကပ်လိုက်လာသော အသိကိုလည်း အထက်ကဆိုခဲ့ပြီးအတိုင်း အစွဲဉာဏ် မှတ်ဉာဏ် အသိဉာဏ် ပွင့်ပေါ်ရန် လေ့ကျင့်ပေးနေရသေး၏။

အမှတ်သတိက အသိကြီးထွားလာရန် အမှတ်ပေး၍မွေးမြူ၏။

အမှတ်နောက်ပါ အာတာပီဝီရိယက ထိုအသိရင့်ကျက်ရန် အပူပေးဖြင့် အစာကျွေး၏။

သို့နှင့်ပင် ထိုအသိလေး လူလားမြောက်ခဲ့ရ၏။ ရင့်ကျက်ခဲ့ရ၏။ ဆင်ခြင်တိုင်းထွာခြင်းဖြင့် အတည့်သိခွင့်ရလာ၏။သတိအကူမျှထား၍ သူ့ဖာသာလမ်းမှန်သွားတတ်လာ၏။ သတိအမွေးကောင်းသဖြင့် သိစိတ်ကလေးလမ်းကြောင်းမှန်ပေါ် သွားလာနေနိုင်ခြင်းတည်း။

## သတိနှင့်အသိတို့ တာဝန်ယူရာ နယ်ပယ်များ

အထက်ပါအတိုင်း သတိသည် အသိအားသိစရာရှိသည်များ အလုံးစုံ အကုန်သိရန် မွေးမြူပေးလိုက်ခြင်းကြောင့် ထိုအသိ အစွဲသိမှ အထဲသိအဖြစ် ကူးပြောင်းလိုက်သောအခါ

ကိုယ့်စိတ် ကိုယ်ပိုင်ပြီးသား အလိုလိုဖြစ်သွားစေပြီ။

ကြက်သိ၊ ဝက်သိ ဟူသော အများပိုင်အစား မြင်သိ၊ ကြားသိ စသည့် ဖြစ်သွားသောကြောင့်တည်း။

တစ်ဖန် ကိလေသာကိုလည်း အလိုလိုပယ်ပြီးသား ဖြစ်သွားစေပြီ။ ပညတ်သိမှ မသိသာတော့လျှင် ပညတ်ရှိမှ ဝင်နိုင်သော ကိလေသာ ဘယ်သို့ဝင်လာပါအံ့နည်း။

ထိုသို့ သတိက အလုပ်သုံးမျိုးတစ်ပြိုင်တည်း လုပ်ပေးပြီး

သည်နှင့် အသိလည်း ရင့်ကျက် အတားတို့ အားကိုးရာ သွေး၊ သည်း ခြေ၊ လေ၊ သလိပ်များကလည်း ပုံမှန်ဖြစ်လာစေတော့ရာ ဉာဏ်တို့ သည်ကား အလွှာလိုက် အလွှာလိုက် ကွာထွက်လာရချေ၏။ ထိုစဉ်

(က)အစစွာ အခြေခံပရိကံယူစဉ်မှ ဥပစာရတွင်း ချဉ်းနင်း မိရာ ဘင်္ဂအုပ်စု အဆုံးထိတိုင်အောင်ကား အမှတ်က ရှေ့ အသိကနောက်ဖြင့် သတိက ဦးဆောင်ရ၏။

(ခ)တစ်ဖန် အပ္ပနာသို့ စိတ်သက် အတားများလည်း မလှုပ် ယှက်၊ စိတ်ထားလည်း မကလက်၊ သွေးအုပ်စုများ ကလည်း အခြေမပျက်တော့သောအခါတွင်မူကား

အသိကရှေ့ အမှတ်ကနောက်ဖြင့်အသိကိုဦးဆောင်ရပြန်၏။

အပ္ပနာသမာဓိ၏နယ်ပယ်တွင်းဖြစ်သော သင်္ခါရုပေက္ခာအုပ်စု သို့ရောက်လေသောအခါ သတိသည် အစပျိုးအဖြစ် ထိုင်စ ခဏမျှ မှတ်တင်ပေးရ၏။ ထို့နောက်

ဖြစ်မှုပျက်ရာများက အလွန်နူးညံ့နေသောကြောင့် ပွားပို့အမှတ် ဝင်ခွင့်မရ။

ဖြစ်ပျက်နှုန်းများက နက်နဲလျင်မြန်လွန်းနေသောကြောင့် အမှတ် နှင့်အရှိ မထပ်မိ။

သို့ဖြစ်နေချေရာ ပွားပို့မှုသတိအစားအောက်မေ့မှုသတိဖြင့်ပင် အစားထိုးပေးထားရရာ၏။

## နတ်တလူစာစဉ်

သူ့အရှိ သူ့အသိတို့ မကွေမကွာ အလုပ်လုပ်နေပုံ စောင့်ကြပ်ကြည့်နေရုံမျှသာဟူ၍။

ခဏိကသမာဓိ ဥပစာရသမာဓိပိုင်းသည်သတိ၏တာဝန်သာ။

အပ္ပနာသမာဓိ၏ အနတ္တလက္ခဏာနယ်မြေသည် အသိ၏တာဝန်သာ။

သို့တိုင်အောင်လည်း အပ္ပနာနယ်အသိချည်းသက်သက်ဟူ၍ကား မထင်မှတ်အပ်။ ထိုနယ်ပယ်၌ ပွားပို့ဝန်ဆောင်အစား အောက်မေ့မှု အကူဝင်ရပုံ သတိပြုအပ်၏။

သတိမပါသော အသိသည် နေရာမရွေ့၊ အသိမပါသော သတိသည် လိုရာမရောက်။

သတိသည် စရဏ၊ အသိသည် ဝိဇ္ဇာဖြင့် ဝိဇ္ဇာနိုင်ငံသို့ ဝင်ရောက်သွားလာလိုသူတိုင်း စီးနင်းသွားရမည့် ဘယ်ညာစုံဖိနပ်တစ်ရံတည်း။

ထိုသို့ သတိသည် ဝီရိယနောက်ကူထား၊ အသိကိုမွေးဖွားပေးလျက်က ခြေကုပ်မိသမာဓိ အောင်ချက်ပညာ ထိုနှစ်ဖြာကိုပါ အလိုလိုပါဝင်လာသောအခါ အားအဖြစ်သို့ တိုးဝင်သွားရတော့သည်။ ၎င်းတို့ကိုလျှင် ဗိုလ်ငါးပါးဆိုရသည်။ ထိုဗိုလ်ငါးပါး ယောဂီနှင့်လိုသလိုဝင်ဆံ့လာတော့လျှင်ကား ဣန္ဒြေ(အားများကိုအစိုးရသူ)ဆိုရပြီ။

စိတ်လူလားမြောက် ဖိုလ်အရာရောက်ခဲ့လျှင် မင်းမြောက်ဖို့သာ ရှိတော့သည်။

**"ဤကားဉာဏ်တို့ကို ဝေဖန်ရာ၏ အခြေခံသိစရာများ တည်း။"**

## တပ်ဖွဲ့ပီပြင် တိုက်ပွဲဝင်အံ့

**ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ**

**ဗဟိဒ္ဓါဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ**

**အဇ္ဈတ္တ ဗဟိဒ္ဓါဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ**

အတွင်းအပြင် ယင်းနှစ်ပါးတွဲများကို ကိုယ်ကို ကိုယ်အတိုင်းတိုင်း မပြတ်ရှုကြည့်နေပါ။

**သမုဒယဓမ္မာ နုပဿီဝါ ကာယသ္မိံ ဝိဟရတိ**

**ဝယ ဓမ္မာ နုပဿီဝါ ကာယသ္မိံ ဝိဟရတိ**

**သမုဒယ ဝယဓမ္မာ နုပဿီဝါ ကာယသ္မိံ ဝိဟရတိ**

တစ်ဖန် အဖြစ်တွေ့အဖြစ်ရှု အပျက်တွေ့အပျက်ရှု ဖြစ်ပျက်စုံတွဲလျက်တွေ့ တွဲလျက်အတိုင်းပင် ရှုသိလျက်က ကိုယ်ပေါ်၌ပင်

**နတ်တလူစာစဉ်**

စိတ်နားနေပါ။

**အတ္ထိကာယောတိ ဝါပနဿ သတိပစ္စုပဋ္ဌိတာဟောတိ**

ထိုအခါ ကာယဆိုတာ အပေါင်းမျှရှိတာကိုပင် ဆိုတာပါ ကလားဟူ၍ မှတ်ချက်မှထွက် စိန္တာဉာဏ်အတွေးသိဖက် ကူးဆက်ကာ မှတ်ချက်ချမိလာချေတော့၏။

**ယာဝဒေဝ** – သည်မျှလောက် မှတ်ချက်ချအသိသည်ကား

**ဉာဏမတ္တာယ** – ဉာဏ်တက်လာရုံမျှ၏ သင်္ကေတတည်း။

**ပဋိဿတိ ပတ္တာယ** – အမှတ်တက်လာခြင်း၏သင်္ကေတ တည်း။

ထိုမျှလောက် အသိကလေးကပင်

**အနိဿိတောစ ဝိဟရတိ** – တဏှာဒိဋ္ဌိတို့ ခြေကုပ်မမိတော့။

**နစကိဉ္စိ လောကေ ဥပါဒိယတိ** – ငါကောင်အနေ ငါ့ဥစ္စာအနေ ဖြင့်လည်း ဘာမျှအငြိမပေါ်ပြီ။

**(မဟာသတိပဋ္ဌာနသုတ်)**

**မှတ်ချက်**။ ။ ဝေဒနာ၊ စိတ္တ၊ ဓမ္မများ၌လည်း ပါဠိတော် သဘောသွားနည်းတူဟူ၍ မှတ်ခဲ့ပါလေ။

ဉာဏ်တို့ကို ဝေဖန်ရာ၏ အခြေခံအပိုင်းက

သတိနှင့်တကွသော ဗိုလ်များ စီးနင်းသော သိက္ခာမဂ္ဂင်ယာဉ်

**နတ်တလူစာစဉ်**

များအကြောင်း ဆိုခဲ့ပြီးပြီ။

ထိုယာဉ်ထက် သတိဗိုလ်များတက်၍ ရှင်းလင်းရေးထွက်ရာ အနုပဿနာကွက်များလည်း ဆိုခဲ့ပြီးပြီ။

တစ်ဖန် ကိလေသာသံယောဇဉ်အတားတို့ အားကိုးကိုင်စွဲရာ လက်နက်ပမာဖြစ်သော ခန္ဓာတွင်းနေ သွေး၊ သည်းခြေ၊ လေ၊ သလိပ် တို့အကြောင်းလည်း ဆိုခဲ့ပြီးပြီ။

သို့ကြောင့် အခြေခံစုံ လုံလောက်ပြီထင်၏။ လုံလောက်နေလျှင် တိုက်ပွဲဝင် ပြင်ရန်အဆင်သင့်ဖြစ်စေရ၏။

ထိုစဉ် စိတ်ကျက်စားရာ အနုပဿနာနယ်မြေတို့အပေါ်ဝယ်

(က) သတိဦးစီးသော ဗောဓိပက္ခိယတပ်ဖွဲ့က စိတ်နှင့်ဘဝ ခန္ဓာတို့ကို ကယ်တင်ရန် ဘေးလွတ်ရန်အတွက် မဂ္ဂင်ယာဉ်ဆင်၍ တိုက်ပွဲဝင်မည်။

(ခ) တစ်ဖန် ခုခံစစ် ဆင်နွှဲမည့် ကိလေသာတို့ဘက်ကလည်း သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ကို ကိုင်စွဲ၍ ထိုအနုပဿနာနယ်လေးရပ်တို့မှပင် ဆီးကြိုခုခံမည်။ ထိုသို့ခုခံရာ၌

၁။(က) သွေးဆူလွန်းနေခြင်းကို အခွင့်ကောင်းယူ၍ လည်း နှလုံးသွေးမငြိမ်အောင်လုပ်၍ စစ်ကစားခြင်း။

(ခ) သွေးအားနည်းနေလွန်းခြင်းကို အခွင့်ကောင်း ယူ၍

လည်း နှလုံးသွေးအလုပ် မလုပ်စေကာ စစ်ကစား
ခြင်း။

သွေးဖြင့် ဤသို့လည်း ခုခံစစ် ဆင်နွဲမည်။

တစ်ဖန်လည်း

၂။(က) သည်းခြေအား အလွန်ကောင်းနေခြင်းကြောင့် အစွဲအမှတ်များနေသည်ကိုအခွင့်ကောင်းယူ၍လည်း စစ်ကစားမည်။

(ခ) သည်းခြေအား နည်းပါးနေကာ သညာမဲ့ အမှတ် မကောင်းဖြင့်လည်း စစ်ကစားဦးမည်။

နောက်တစ်ဖန်လည်း

၃။(က) လေထန်နေခြင်းဖြင့် နှလုံးအိမ်မငြိမ်မသက် စိတ်ပျံ့ တက်စေသည်ကို အခွင့်ကောင်းယူ၍ လည်းခုခံ မည်။

(ခ) လေအားနည်းနေခြင်းဖြင့်လည်း နှလုံးအိမ် ငြိမ်သက် ဖြစ်ပျက်မပီသစေကာ ခုခံဦးမည်။

နောက်တစ်ဖန်လည်း

၄။(က) သလိပ်များကြပ်ခဲခြင်း အားကြီးခြင်းတို့ကို ခြေကုပ် ယူ၍လည်း သွေးလေများအသွားအလာမမှန်စေကာ ခုခံမည်။

**နတ်တလူစာစဉ်**

(ခ) သလိပ်များ အပျော်လွန်ခြင်းဖြင့်လည်း သွေး လေတို့ အထိန်းမဲ့စေကာ ခုခံဦးမည်။

– ဝင်လာရဲ ဝင်လာကြည့် တစ်ချက်မမိ တစ်ချက်မိစေရမည်။ ကြိမ်းဝါးနေသည့်ပမာတည်း။

– တိုးရဲတိုးကြည့် တစ်ချက်မထိ တစ်ချက်ထိစေရမည်မောင်း တင်ထားသည့်ပမာတည်း။

ထိုစဉ်

သတိသည် စစ်မြေပြင်သွား စစ်သားကဲ့သို့ မမေ့ခြင်း၊ မလျော့ ခြင်း၊မပေါ့ခြင်း၊ မဆခြင်းလေးမျိုးတို့နှင့်အညီ

– ချက်ခနဲအသိကြား သူ့ဘက် ပြောင်းလှည့်ပြီးသားဖြစ်စေ ရာ၏။

– ရိပ်ခနဲမြင် သူ့ဘက် ချိန်ကိုက်ဆင်ပြီးသား ဖြစ်စေရာ ၏။

စစ်တိုက်ခြင်းသည် သူသေလျှင်သေ သူမသေပါက ကိုယ် သေရမည်ဟူသော အသက်ချင်းလဲ၍ အောင်ပွဲယူစံနှုန်းပင်ဖြစ်ရာ မသေချင်အသေသတ်ဖို့ပင်။ သို့ကြောင့်

– ကိုယ်မသေချင်၍ သူ့ဝင်သတ်လိုသောသတိသည် ဗိုလ် အားလုံး ဗောဓိပက္ခိယအသင်းအားလုံးတို့၏ရှေ့မှ မားမားမတ်မတ်။ ထိုဆိုခဲ့ပြီး လေးမျိုးအမှတ်တို့ဖြင့် အသင့်ရှိနေကာ စစ်တလင်းနေရာ

ကို ရွေးချယ်နေ၏။

အခြေခံမှ ဉပစာရ နယ်သိမ်းအတွင်းကား ကာယသည် ဗိုလ်တို့၏ အခြေစိုက်တည်း။

အပ္ပနာနယ်ပယ်မှ နန်းသိမ်းအတွင်းကား ဓမ္မသည် ဗိုလ်တို့၏ အခြေတိုက်တည်း။

အစတွင် ကာယနုပဿနာဖြင့် အခြေတည်ပါ။ သခ်ါရုပေက္ခာ မှစ၍ကား ဓမ္မာနုပဿနာစားကျက်တွင်းမှပင် သတိဗိုလ်တို့ ကျက်စား ပါဟူ၍ပင်တည်း။

- ကာယသည် စွမ်းရည်သတ္တိစမ်းသပ်ရာ ရန်သူအင်အား လေ့လာရန်ဌာန။

- ဓမ္မသည် စွမ်းရည်သတ္တိပြသရာ မိမိအင်အား ထုတ်ပြရာ ဌာန။

ထိုသဘောကို ရိပ်မိသော သတိနှင့်သတိရှင်သည် ဦးစွာ ကာယ ကိုလျှင် အခြေစိုက် ကိစ္စအထူးပေါ်လာသော် ပေါ်ရာပေါ်ရာလိုက် နည်းများဖြင့်

- မှတ်သားအား များသည်ထက်များ ပွားယူကာ အရှိန်သတ္တိ အင်အားများကို စုဆောင်းမည်။

- သိအား ရင့်သည်ထက်ရင့် ဆင့်ယူကား အရှိန်သတ္တိအင်အား များကို စုဆောင်းမည်။ ယင်းတို့သည် တိုက်ခိုက်ရင်း စစ်ရှိန်မြှင့်

တိုက်ပွဲဝင်ရင်း စွမ်းရည်တိုးတို့ဖြင့် အမှတ်မဲ့ အသိသမားအဖြစ်မှ အမှတ်ရှင် အသိရှင်နေရာသို့ ပြောင်းဝင်ကာ လူအမည်ခံယူကြမည်။ လူအဖြစ်ဖြင့် အဆင့်မြင့်အာရုံကို ခံစားကြကာ လွတ်မြောက်ရာဘက် နန်းတက်ကြမည်။

## ကာယ စသည်တို့၏ အတွင်းပြင်နယ်စွဲများ

ကာယကိုဖြစ်စေ၊ ဝေဒနာ–စိတ္တ–ဓမ္မတို့ကိုဖြစ်စေ၊ အတွင်းမှနေ၍လည်းရှု၊ အပြင်ကနေ၍လည်းရှု၊ နှစ်ဘက်စလုံးမှလည်းရှု ရှင်တော်မြတ်ဘုရား ညွှန်ကြား ထားချေရာ…

(၁) ကာယ၏အပြင်ကား နှာဝနှင့်တကွ တစ်ကိုယ်လုံး တံခါးငါးပေါက်လုံးတည်း။

(၂) ကာယ၏ အတွင်းကား ဘဝင်လေဌာနနှင့်တကွ အတွင်းထား လေအားလုံးတို့နေရာ အရပ်တည်း။

(၃) ကာယ၏ဘက်စုံကား နှလုံးသွေးတည်ရှိရာ နှလုံးအိမ်ဌာနပင်တည်း။

**နတ်တလူစာစဉ်**

ထိုတွင်...

အစစ္စာ ခဏိကသမာဓိဖြင့် အခြေခံယူစဉ်မှ ဝိပဿနာတို့၏ ဥဒယဗ္ဗယတိုင်အောင်ကား

(၁) နှာသီးဝမှ တွေ့ခွင့်ရသော ရုပ်နာမ်ဖြစ်ပျက်တို့ကိုစစ်ဆေး ရှုမှတ်လျက်ကသာ ကျင့်ခြင်း၊ တည်ခြင်း၊ သိခြင်း သိက္ခာ သုံးမျိုးပွားတိုးစေရ၏။ အမြင်၊ အကြား၊ နံ၊ စား ထိတွေ့ ဟူသော ပြင်ပငါးဌာနတို့မှ တွေ့သိခွင့်ရသော ရုပ်နာမ် ဖြစ်ပျက်တို့ကို စစ်ဆေးရှုမှတ်လျက်ကသာ အသိဝင်ခြင်း၊ မြင်ခြင်း၊ ရင့်ခြင်းတို့ကို ပွားတိုးစေရ၏။

– ဘဝင်လေနှင့်တကွ လေအားလုံးတို့က ခုခံထားသောကြောင့် အတွင်းဝင်ခွင့် မြင်ခွင့်မရသေး။

– သွေး၊ သည်းခြေ၊ သလိပ်များ နောက်ကျူဆဲ ထန်ဆဲဖြစ် နေသောကြောင့်လည်း အတွင်းစစ် မြင်ခွင့်မရသေး။

– ခန္ဓာမာန်၊ ကိလေသာမာန်များ ထန်ဆဲ သန်ဆဲဖြစ်နေခြင်း ကြောင့်တည်း။ ထိုတွင်

ထိုခန္ဓာမာန်၊ ကိလေသာမာန်ကို သင်္ခါရတို့ အထောက်အပံ့ရ သွေးအုပ်စု(လေ စသည်) တို့က သွေးထိုးလှုံ့ဆော်ပေးလေ့ရှိရာ

(က)ပင်မသင်္ခါရလေးမျိုးတို့တွင်

ကံ၊ စိတ်နှစ်ပါးတို့က ကိလေသာမာန်ထန်စေပြီး ဥတု

အဟာရတို့က ခန္ဓာ့မာန်ထန်စေ၏။

(ခ) လက်ဝေခံ သွေးအုပ်စုတို့ကြောင့်ကား

ခန္ဓာ့မာန် ကိလေသာ့မာန် နှစ်ပါးစလုံး ထန်အားနှင့်သန်အား ကိုရကြလေ၏။

သို့ကြောင့် သတိဗိုလ်အုပ်စုသည် ထိုမာန်တို့ကို နှိမ်နင်းရန် အတွက်

အစစ္စာ သတိ၏စေ့စပ်အားဖြင့် အမှတ်မှ အမှတ်သို့ချည်း ကျရန် တွန်းမှတ် မှတ်၏။

အာရုံညောင်းသွားလျှင် အမှတ်ရှိန်လျှော့ အတွေးလျှော့လာ မည်။ သတိထား။

အာရုံကောင်းမိ၍ မေးလိုက်နေလျှင်လည်း အမှတ်ရှိန်လျော့ အတွေးကျော့လာမည်။ သတိထား။

ဤနေရာသည် စစ်ဦးဘီလူးနေရာဖြစ်နေသဖြင့် ဆင်ကြမ်းစီး မြင်းကြမ်းစီးပမာ သတိစီး အတားရခက်သည်။

သမာဓိမတည်သေးခင် တင်းမိလျှင် ပျံ့ထွက်မည်။

သွေးများ လန့်ဆဲဖြစ်နေစဉ် မျှင်းလိုက်လျှင်လည်း လန့်ထွက် ထွက်ဦးမည်။

သို့မဟုတ် အမှတ်သတိကို ရှုကွက်မှလည်း ဆွဲထုတ်ပစ်မည်။ စွဲစိတ်ပေါ်မှလည်း ခါချပစ်မည်။ မသွားဘူးသေး မရောက်ဘူးသေး

သော လမ်းဖြစ်နေ၍ ဟုတ်မှဟုတ်ရဲ့လား အတွေးကလည်း လှန့်ဦးမည်။

အမှတ်ကဲ ဖွဲ့သန်ကြောင့် ရှုလို့ကောင်း၊ ရှိုက်လို့ကောင်းဖြစ်လာ စဉ် ခြေကုန်လက်ပမ်းကျသမားတစ်ဦး မေးလိုက်နည်းအတိုင်း မေး လိုက်နေတတ်သည်။ သို့မဟုတ် ဝမ်းသာအားရစိတ်ဖြင့် ဟုတ်ပြီဆိုကာ တင်းလုပ်မိသဖြင့် ရှုကွက်မှန်ပြန်လည် ပျောက်သွားခြင်းလည်း ဖြစ် တတ်သည်။

အကယ်တိတိ အနေကြာ၊ နေရာရာအတိုင်းတစ်ချက်စု အမှတ်များ စုမိပေါင်းမိသွားရာမှ အမှတ်တို့ တရှိန်ရှိန်တက်လာကာ ရှုကွက် နေ ဝင်ထွက်လေများ၏ အစုန်အဆန်နိမိတ်တန်း ရတ်တရက်တွေ့လာရသော်...

ဝမ်းသာအားရစိတ်ကြောင့် သွေးလေများထကြွလာကာ နှလုံး သွေးပါ ပြန်လည်နောက်ကျသွားတော့၍ ပျောက်ရသည်ကလည်း အခါခါ။

မပျောက်သော် နောက်တစ်ချီ သည်လိုဖြစ်အောင် လုပ်မည် ဟူသော အတေးအစွဲ ကာမစ္ဆန္ဒဖြင့် နောက်တထိုင်တရားဆိုင်မိသဖြင့် မပေါ်လာ မျှော်ခါလည်း အချီချီ။

ဤအိုးနင်းခွက်နင်း စိတ်ခြေကျွံ လက်ကျွံခင်းများကား သတိကြောင့် ဖြစ်ထွန်းလာသော ပွင့်ချက်ကို မိမိလက်ချက်ကြောင့်ဟူ၍

အထင်ကပ်နေသမျှ ပေါ်ပေါက်နေမည်သာ။ သတိစွမ်းအင်ကို မရိပ်မိသမျှ ငါ ဝင်ရှုပ်မိနေခြင်းကြောင့်လည်း အတားခံရမည်သာ။ သို့တစေလည်း

– ရက်ပတ်လည်အားထုတ်ခဲ့ရ၍ ကုန်သွားသောဆန္ဒဆရာ၏ ဓမ္မကြောင့် ပြန်ရ၍

– အထင်ဖြင့်မှန်း ရမ်းခဲ့ရ၍ ကုန်သွားသောသဒ္ဓါ ဆရာသင်ပြရာမှ ပြန်လာနေ၍

မဆုတ်မနစ် အားသစ်သော် မည်မျှချော်ချော် တစ်ချီမဟုတ်တစ်ချီတည့်သွားစေပြီ။ တစ်ချက်တည် တစ်ချက်တည်များ စုစည်းမိဖြစ်လာပြီ။ တစ်ချက်မှတ် တစ်ခါသိများကြောင့် သိအားလည်း စုစည်းမိဖြစ်လာနေပြီ။ ထိုစဉ်

နေမထွက်မီ အရုဏ်ရောင်ပေါ်ဘိသို့ အရောင်နိမိတ်များပေါ်ထွန်းလာချေပြီ။ ထိုစဉ်တွင်လည်း လိုချင်စိတ်ဖြင့် ကြိတ်လုပ်မိရာမှ သွေးလေများ အထကြမ်းလာကာ ရှုကွက်ပျောက်သည်အထိ အတား များ ပေါ်ပေါက်နေဦးမည်သာ။

သဘောမရိပ်မိဘဲ စသူ၏အစသည် ခက်ခဲမြဲဓမ္မတာပင်မဟုတ်လော။ သို့နှင့်ပင် သမာဓိနိမိတ်တို့ ရင့်သည်ထက် ရင့်ကျက်လာသော်

(၁) ဝိ – သည်အထူး ပဿနာ – သည်ရှုကြည့်ရခြင်း။

သို့ဆိုထားရာ ထိုစကားနှင့်လိုက်ဖက်ရန်၏ သတိသည် စူးစိုက်

သတိသာဖြစ်ရကား (သမာဓိအဆိုက် ဝီရိယလိုက်ရခြင်း) ရှိသမျှ အသိ ဤရှုကွက်တွင်းအားလုံး ဆင်းကြရန် ထိုစိုက်ချအားသုံးပေး လိုက်ရာ နိမိတ်နှင့်အတူရှိ အထိနှင့်အသိတွင်

အထိကလည်း ထိရုံမျှ သတ္တဇီဝကင်းဆိတ်ပြ၏။

အသိကလည်း သိရုံမျှ သတ္တဇီဝကင်းဆိတ်ပြ၏။

သို့မဟုတ် နာမ်နှင့်ရုပ်ကို ငါဆိုသော အသိကြားမှ ပွဲထုတ် ပြလိုက်ခြင်း။

ဤမြင်ကွင်းသည် နှာဝဟူသော ပြင်ပကာယ၏ရှုကွက်တွင်း မှသာ...။

ဤညက်အဆင့်ရောက်သူသည် ရုပ်သက်တစ်ချက် တစ်ချက်၏ ဥပါဒ်၊ ဌီ၊ ဘင်(ဖြစ်တည်ပျက်)ခဏငယ်သုံးချက်တို့တွင် ဖြစ်ဟူသော အစတစ်ခုမျှသာ သိခွင့်ရ၏။ ဒုက္ခဝေဒနာလည်းများစွာ ပေါ်တတ်၏။ ပိုးစုန်းကြူးအရောင်ပမာသော အရောင်များလည်း ရှုကွက်တွင်းမှ တွေ့ရတတ်၏။

(၂) ထိုသို့တွေ့လည်း ရှုကွက်စိတ်စိုက်ဖြစ်ပျက်သို့သာလိုက်။

ထိုအခါ မရှူခင်က ရှူလိုစိတ်၊ မရှိုက်ခင်က ရှိုက်လိုစိတ် ဟူသော စိတ်ဦးကလေးများကို ကွဲပြားစွာ သိခွင့်ရလာ၏။ သို့ကြောင့် ရှူလို၍ရှူသည်။ စိတ်ကရှေ့ ရုပ်ကနောက်။

ရှူတော့ ရှူပုံသိရပြန်သည်။ ရုပ်ကရှေ့ စိတ်ကနောက်။

**နတ်တလူစာစဉ်**

ဤသည်ပင် နာမ်ရုပ်တို့၏ကြောင်းကျိုးဆက် ကွက်၍မြင်ခြင်းတည်း။

ဤသည်ပင် ငါ့ကြောင့် သူ့ကြောင့် ယုံမှားကင်းလျက် ရှေ့တက်လာခြင်းတည်း။

ဤဉာဏ် ဤအမြင်လည်း ပြင်ပနှာဝ၏ ပြချက်တွင်းမှသာ

ထိုဉာဏ်တွင် ဖြစ်၊ တည်(ဥပါဒ်–ဌီ) အထိမြင်ခွင့်ရလာ၏။ ထိုသို့ အသိတိုးလာရခြင်း၏ အကြောင်းရင်းမှ သွေးငြိမ်၊ လေငြိမ်၊ သည်းခြေတစ်စတစ်စအေးပြီး သလိပ်များ ပါးလာခြင်းကြောင့်ဟူသော အချက်အားလုံး ဆုံးသည်အထိ မမေ့အပ်ပြီ။

ဤဉာဏ် အတော်အသင့်ရင့်လာစဉ် စိမ်းဝါစသော ရောင်စုံလေးများလည်း ရှုကွက်တွင်းမှ တွေ့လာရမည်။ တစ်ခါတစ်ရံ ရှုကွက်ပျောက်နေတတ်သေးသည်။ များသောအားဖြင့် ထွက်လေကစ၍ ပျောက်တတ်သည်။ အသစ်အသစ် ဖြစ်ပေါ်လာသော အာရုံများကို လိုက်မှတ်နေရ၍ မူလအာရုံများ ပျောက်သွားခြင်းပင်။

(၃) ထိုမှတစ်ဆင့် သတိအသိတို့ ရင့်သဖြင့် ရှေ့တိုးလာသော်ကူးစတွင် သမာဓိအရှိန်ကြောင့် လေးလံသောအရာဝတ္ထုကြီးတစ်ခုဖြင့် အဖိခံထားရပါသည်ပမာ ခံစားလာရတတ်သည်။

မြဲ၊ ကောင်း၊ ပိုင်ဟူသော အတ္တစွဲမှ မမြဲ၊ မကောင်း၊ မပိုင်

အနတ္တသို့ ကူးဝင်ပွဲတွင် အတ္တအစွဲသိများဘက်နေ မဲပေးသောအားဖြင့် စရိုက်လွန်သမားများတွင်

ဘုရား၊ ရဟန္တာ၊ နတ်သမီးနတ်သား စသည်အာရုံနိမိတ်ဆန်း များတွေ့လာရတတ်သည်။

ကိုယ်အင်္ဂါအစိတ်အပိုင်းများ ပြုတ်ထွက်သွားသည်ဟန်လည်း တွေ့ရမည်။ အရိုးစု စသည့်အသုဘကောင်များ သို့မဟုတ် ကိုယ့်ကိုယ်ကို နှစ်ကိုယ်ခွဲအဖြစ် ပြန်မြင်ရခြင်းများလည်း ဖြစ်မည်။

– နာကျင်မှု စသော မှတ်စရာအာရုံများ တစ်နေရာမှ တစ်နေရာ ရွေ့နေတတ်သည်။

– သေးငယ်မှေးမှိန်၍လည်း ပျောက်ပျောက်သွားတတ်သည်။

– အနိစ္စ၊ ဒုက္ခ၊ အနတ္တများကိုလည်း ကြာရှည်စွာ ဆင်ခြင်နေတတ်သည်။

– အာရုံရော မှတ်စိတ်ပါ ရုတ်တရက်ပျောက်သွားတတ်သေးသည်။

–အာရုံအထွေအထူး သည်းခြေတွင်းနေများမြူးသောကြောင့် ရူးလည်း ရူးတတ်သည်။

ဤဉာဏ်တွင်အာရုံ၏ဥပါဒ်၊ ဌီ၊ ဘင်(စ–လယ်–ဆုံး) အားလုံး တွေ့ခွင့်ရလာပြီ။

(၄) ယောဂီသည် ဘာကိုမှ အရေးမစိုက်၊ ဖြစ်ပျက်စုသို့သာ

စိတ်စိုက်မြဲစိုက်ချထားသော်

– ထိုင်မှတ်သည့်အခါ ကိုယ်ကြီးပျောက်ပျောက်နေတတ်ပြီး လှိုင်းစီးရသည်သို့ ဖြစ်လာမည်။

အချို့ဆိုလျှင် မူးသည်ဟူ၍ပင် ပြောပြတတ်သေးသည်။

စင်္ကြံဖြင့်မှတ်သောအခါတွင်လည်း ကိုယ်ကြီးပေါ့နေ ကြွနေသလို ထင်လာရတတ်သည်။

အထက်တက်နေသလို ဖြစ်နေ၍ မှတ်၍ကောင်းကြောင်းလည်း ပြောတတ်သေးသည်။

ဤဉာဏ်တွင် လမ်းမှားပို့ အနှောင့်အတားများ ဝင်လာမည်။

**ဥပက္ကိလေသ** အမည်ရ ဝိပဿနာဉာဏ် ညစ်ညူးကြောင်းတရား ဆယ်ပါးတို့ပင်။

(က) ဤဉာဏ်၏ အနုပိုင်း၌ ဓာတ်မီးနှင့် ထိုးထားသည်ပမာ သော အရောင်အလင်းများ တွေ့လာရသည်။အချို့မိမိ၏ မျက်စိ၊ နှာခေါင်းပေါက်၊ပါးစပ်တို့မှထွက်သော အရောင် များတစ်ခန်းလုံး လင်းထိန်နေသည်ဟူ၍ ပြောပြတတ် သည်။ အချို့လရောင်ပမာသော အလင်းကြီးဝင်လာပြီး ကိုယ်ကိုထိုးထားသည်ပမာ ဖြစ်နေသည်။ အချို့ မျက်စိထဲ အချို့ဝမ်းထဲဟူ၍လည်း ဆိုကြသည်။ နာမူကျင်မှုများမှ လည်း အနည်းငယ်လွတ်လာမည်။ အထက်ဉာဏ်ကလို

မဆိုးတော့။

(ခ) အနုပိုင်းရောက်စတွင်ကား ရှုကွက်တွင်းရှိ ဖြစ်ပျက်များ ပိုမြန်လာသည်။ အာရုံ၏ခဏငယ်သုံးချက်တို့တွင်ဥပါဒ်၊ ဘင်(အဖြစ်နှင့်အပျက်) သာတွေ့ရပြီး ဌီ ပျောက်သွားပြီ။ သို့ကြောင့် အာရုံပေါ်တိုင်း အပျောက်မြန်ဆန်သည်။ အစ သော်မှတ်၍ပင် လိုက်မမှီတတ်။ ဤအရင့်ပိုင်းရောက်လျှင် ကား တစ်အာရုံတစ်ချက်မှတ် ဖြစ်လာမည်။

– အထက်ဉာဏ်က ရွှေ့ပျောက် မိုန်ပျောက် ပျောက်နည်း။

– ဤဉာဏ်က ဖျတ်ခနဲ ဖျတ်ခနဲ ငုတ်တုတ်ပျောက် ပျောက်နည်း။ ဉာဏ်နှစ်ပါးတို့ ဤသို့ထူးခြားသည်။

ဤဉာဏ်သည်လည်း ကာယ၏ဗဟိဒ္ဓအပြင်ပိုင်း နှာဝမှသာ။

ဤဆိုခဲ့ပြီး ဝိပဿနာတို့၏အောက်ပိုင်း ဉာဏ်လေးဆင့်တို့ သည် ဗဟိဒ္ဓကာယခေါ် နှာသီးဝကာယပသာဒရုပ်နှင့် လေဟူသော ဖောဋ္ဌဗ္ဗရုပ်တို့ ထိခိုက်မိကြရာမှ ဖြစ်ပွင့်လာသော ဉာဏ်များချည်း ဖြစ်ခြင်းကြောင့်

– ဗဟိဒ္ဓကာယ ရှုသိလျက်က သမုဒယ–ဝယဖြင့် ဉာဏ်ပွင့် လာခြင်းများတည်း။

–ဗဟိဒ္ဓကာယစိတ် စိုက်ချလျက်က အတားများကို ထိုးဖောက် နိမ်နင်းနေခြင်းများတည်း။

**နတ်တလူစာစဉ်**

**မှတ်ချက်**။ ။နာဝမှမဟုတ်သော အခြားရှုနည်းများတွင်လည်း မိမိရှုလက်စရှုကွက်မှနေ ဉာဏ်အမြင်များပေါ်လွင်နေခြင်းသည် ဗဟိဒ္ဓ ကာယဟူ၍ပင်ဆိုရမည်။

(၂) တစ်ဖန် ကာယပိုင်း၏အတွင်းကား ဘဝင်လေနှင့်တကွ လေငါးမျိုးတို့ တိုးဝင်ရာ၊ ဓာတ်ဓာတ်ချင်းတို့စစ်ဆင်ရာ (နေရာများမှ တွေ့သိပွင့်ပေါ်လာရသော ဉာဏ်တို့ကျက်စားရာ) ဝမ်းဗိုက်နှင့် ခန္ဓာအတွင်းပိုင်းပင်။

ထိုခန္ဓာတွင်းမှပြသော ဉာဏ်များသည်

– ပြင်ပရုပ်ချင်းထိခိုက်ကြရာ ပြင်ပကာယရှုကွက်မှ ပြချက်များသို့ မကြမ်းတော့ပြီ။

– ပြင်ပရုပ်ချင်း ထိခိုက်ကြရာ၊ ပြင်ပကာယရှုကွက်မှာကဲ့သို့ သဏ္ဌာန်နိမိတ်များလည်း မပေါ်လွင်ကြပြီ။

ထိုသို့အတွင်းပိုင်း ဉာဏ်ဝင်ဆံ့လာနိုင်ရခြင်းများသည်

(က) သတိ၊ အသိ၊ ဝီရိယတို့၏ သိပ်သည်းသော ထိုးဖောက်အားကြောင့်လည်းဖြစ်၏။

(ခ) သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ အထိုင်ကျသွားခြင်းကြောင့်လည်း ဖြစ်၏။

(ဂ) ထိုသွေးအုပ်စု မထကြွသည်နှင့် ကိလေသာအတားခေါင်းပြားသွားခြင်းကြောင့်လည်းဖြစ်၏။

## နတ်တလူစာစဉ်

ထိုသုံးချက်တို့သည် အတွင်းကာယရှုခွင့်ရခြင်း၏ သော့ချက်များတည်း။ သို့မဟုတ် ပြင်ပသိမှ အတွင်းသိသို့ သိခွင့်ရလာစေခြင်း၏အကြောင်းရင်းများ။ ဤပြဲ့ကာယသို့ အတွင်းသိ အသိရှိလာခြင်း ဟူ၍ ဆိုခြင်းသည် ခန္ဓာ၏အတွင်းပိုင်းသရုပ်များကို မိမိရှုကွက်မှနေ သိလာရခြင်းကိုလျှင် ညွှန်း၏။ ရှုလက်စရှုကွက် လက်လွှတ်၍ပြရာ နောက်လိုက်ကြည့်လိုက် သိခြင်းဟူ၍ကား မယူဆအပ်။ ဝိပဿနာ ဉာဏ်တို့၏ အလည်ပိုင်းဖြစ်သော ထိုဉာဏ်များ(ဘင်္ဂအုပ်စု)သို့ ရောက် လာသူသည် အစသော် ပျင်းရိငြီးငွေ့စရာ အပျက်ကိုချည်း တွေ့သိ နေရတော့၍ မှတ်မကောင်းတတ်။

ခဏငယ်သုံးချက်တို့တွင် အဆုံးမျှ(ဘင်ပျက်မျှ) မြင်တွေ့နေရသောကြောင့်တည်း။

ခန္ဓာအတွင်းပိုင်း၏ လေမီးတို့၏အဖျက် ခတ်ခတ်ချင်းတိုက်လျက်က ပျက်နေသောခန္ဓာဖြစ်စဉ်ပီပီ သဏ္ဌာန်နိမိတ် မထင်ရှားဘဲ မှတ်ရာ၌ဖွာကျဲကျဲဖြစ်နေတော့၏။ ပုံသဏ္ဌာန်ဒြပ်ကား စိတ်ဖြင့် ရှာဖွေကြည့်မှ ရေးရေးမျှတွေ့ရ၏။

စကြံမှနေ အမှတ်ဝင်ရာတွင်လည်း နင်းသောမြေကြီး နိမ့်ဝင်သွားသလို စောင်းသွားသလိုထင်ရ၏။ တစ်ခုခုမှီ၍ထိုင်ရာတွင်လည်း ထိုနောက်မှီ၏အထဲ မိမိကျောပြင်ကြီး နစ်ဝင်သွားသလို ထင်ရ၏၊ မျက်စိမှပြင်ပသို့ ကြည့်လျှင်လည်း ရိပ်ရိပ်မျှကိုချည်းတွေ့ရ၏။ ထို

အပြင် ထိုအဆင့် ရင့်လာသောအခါတွင်မူကား ပုံဟန်ဒြပ်များ မထင်ရှားသော်လည်း သိမ်သိမ်မွေ့မွေ့နှင့် မှတ်၍ကောင်းလာ၏။ အထိနှင့် အသိတို့ တခြားစီပျောက်ပျက်သွားသည်ကိုချည်း တွေ့ရတတ်၏။ သို့ကြောင့် ဘဝနှင့်ခန္ဓာကို သည်နေရာမှာပင်မွေး၊ သည်နေရာမှာပင် ကြီးပြင်း၊ သည်နေရာမှာပင် ချက်ချင်း သေဆိုသော ဖြစ်၊ တည်၊ ပျက် ခဏငယ်သုံးချက် တို့၏လုပ်ကွက် အနီးကပ်ကြည့်နေရပါသည် ပမာ ဖြစ်လာ၏။

ဤမှနေထောက် ဘဝရှေ့နောက်သို့အတွေးဖြင့်ခေါ်ကြည့်လိုက် မိသော် မိခင်ဝမ်းဗိုက်မှ ကျွတ်ပြီဆိုကတည်းက ဤယခုပစ္စက္ခအရွယ် အခြေသို့ ရောက်ခါနီးတိုင် တစ်ဦးတည်းမှပင် မွေးကင်းစကလေး များလည်း အလောင်းပေါင်းထပ်ခဲ့ပြီ။ မိမိ၏ လ၊ နှစ်အရွယ် ကလေး နယ်မှာလည်း အလောင်းပေါင်းထပ်ခဲ့ပြီ။ မိမိ၏ ကာလသားအရွယ် လူငယ်နယ်မှာလည်း အလောင်းပေါင်းထပ်ခဲ့ပြီ။ မိမိ၏လူလတ်အရွယ် အိမ်ထောင်သည်နယ်မှာလည်း အလောင်းပေါင်းထပ်ခဲ့ပြီ။

နောင်လည်း အသေတို့မှမဆုံးမီ အလောင်းပေါင်းထပ်ရပေဦး တော့မည်။

နောင်လည်း အစွဲမတုံး တဏှာမဆုံးသေးက ဘဝပေါင်း အလောင်းပေါင်း ထပ်ရပေဦးတော့မည်။

ဤအသိ ဤအတွေးများလည်း ဘာဝနာအခြေခံ စိန္တာဉာဏ်ဖြင့်

ပေါ်လာတတ်၏။

သိက္ခာတို့အရှိန်တက်လာပြီဖြစ်၍ခန္ဓာ၏ပျက်စဉ်ကြီးကလည်း အလွန်ထင်ရှား၏။ မမွေးမီကပင် အပျက်ရာ အနာပါလာခြင်းကြောင့် ချက်ချင်းမွေး ချက်ချင်းပျောက်ပဟူသော ခန္ဓာ၏ပျက်စုကြီးကား အရိပ်မဲ့ သဲသောင်ပြင်ခရီးရှည်ကြီး သွားနေရသည်ပမာ မဆုံးတော့။ သို့ကြောင့်…

(၁) မကြည့်ပါလို မမြင်ပါလို ဖြစ်လာပြီး ရှောင်လွှဲ၏။ သိက္ခာရှိန် စိုက်ကျနေသဖြင့် ရှောင်မရ။

(၂) ဘေးဆိုးကြီး အပြစ်မြင်လာ၍ မကြည့်ပါလို မမြင်လို ရှောင်လွှဲကြည့်၏ မရ။

(၃) ခန္ဓာ၌ အပြစ်ချည်း မြင်လာတော့၍ ငြီးငွေ့လာကာ မကြည့်ပါလို မမြင်လို ရှောင်လွှဲ၍မရ။

ထိုမရ ဤမရတို့ဖြင့်ပင် ငုတ်တုတ်ထိုင်ခံနေရတော့၏။ စိတ်ပျက်ခြင်း၊ အားငယ်ခြင်း၊ ထိတ်လန့်ခြင်းများ အပြိုင်အဆိုင်ပေါ်နေကြ၏။ မည်သူကမျှ လာပြသော ထိုးဇာတ်ခင်းမျိုး မဟုတ်သဖြင့် တော်ပါတော့ ပြော၍လည်း ရမည်မဟုတ်။ စင်စစ် သိက္ခာစဉ်ကို ဘီးအဖြစ် တပ်ဆင်ထားသော မဂ္ဂင်ယာဉ်ကြီး ထက်ဝယ် စီးနင်းလိုက်ပါကာ နယ်မြေရှင်းလင်းရေး လုပ်နေကြသော သတိ၊ ဝီရိယ၊ ပညာတို့ကြောင့် ခုခံသောသွေးလေများ ကျေပျက်ကာ ခန္ဓာ၏အပျက် သရုပ်

ထုတ်ပြနေခြင်းမျှသာ။

ဝိပဿနာဉာဏ်တို့၏ အလယ်ပိုင်းဖြစ်သော အထက်ပါ (ဘင်္ဂ၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒ) ဉာဏ်များသည် ခန္ဓာဝမ်းဗိုက်၏ လေဟာပြင်မှနေ ခန္ဓာတွင်းတစ်ခုလုံး၏ အလုပ်လုပ်နေပုံများကို အတွင်းသိ သိခွင့်ရဉာဏ်များဖြစ်ကြ၏။ သတိ၏စိုက်အား(နှိုက်အား၊ လှိုက်အား) ကိုမှီ၍ အသိများနှိုက်သိသိကာ သတိနောက်လိုက်ပါနေခြင်းပင်။ သို့မဟုတ်အတွင်းပိုင်းနှိုက်သိသိလျက်ကပွင့်သောဉာဏ်များဖြစ်ခြင်းကြောင့်

အဇ္ဈတ္တ ကာယရှုသိလျက်က သမုဒယ၊ ဝယ ဉာဏ်ပွင့်ခန်းတည်း။

အဇ္ဈတ္တ ကာယရှုသိလျက်က အတားအဆက်ပျက်စေခြင်းများတည်း။

(၃) တစ်ဖန်လည်း ကာယပိုင်း၏ အတွင်းရောအပြင်ပါကားသဘောအားလုံးတို့ စုဝေးပေါ်လွင်ရာ မနောအကြည်ပြင်နှင့် နှလုံးအိမ်ပင်တည်း။

ထိုမနောတွင်းမှပြသော ဉာဏ်များသည် ဆိုခဲ့ပြီးသော အပြင်ပြဉာဏ် အတွင်းပြဉာဏ်များသို့ တိုက်ရိုက်မဟုတ်ဘဲ မနောအကြည်ဓာတ်၏ ကြည်လင်တောက်ပရာအပေါ်သို့ ထိုးကျလာသော အပြင်မှအတွင်းမှ အာရုံတိုက်များ၏ ပုံရိပ်များကို ရောင်ပြန်ဖြင့် တစ်ဆင့်မြင်ဖြစ်ရာ သဘောမျှသော အရိပ်၏အငွေ့မျှသာ။

## နတ်တလူစာစဉ်

ထိုတစ်ဆင့်မြင့် သဘောမျှသော အရိပ်ငွေ့များသည်

ပြင်ပအာရုံတို့ လာရောက်တိုက်ခိုက်ကြလေသမျှ ပြင်ပတံခါးများ၏အစောင့်ဖြစ်သော ဆိုင်ရာမြင်ဝိညာဉ်၊ ကြားဝိညာဉ် စသည်တို့က အစီရင်ခံသတင်းပို့ပေးသည်ပမာ ပေးပို့လိုက်သည်များကိုလည်း အတွင်း၏အစင်းသိ(အရှင်းသိ) ဖြစ်သော မနောဝိညာဉ်သည် မနောအကြည်ဓာတ်ခွက်ဖြင့် ဖမ်းယူကာ ဆင်ခြင်သုံးသပ်ကြည့်၏။ ပြီးသော် ကောင်းမကောင်းဆုံးဖြတ်ချက်ချပေးလိုက်၏။

ဤပြင်ပကိစ္စကိုလည်း တာဝန်ယူလုပ်ပေးရသောကြောင့် ပြင်ပ နှင့်လည်း ဆက်ဆံ၏။ တစ်ဖန်ခန္ဓာခင်း၏ အတွင်းပိုင်းများရှိဖြစ်မှု ပျက်ရာများကို အတွင်းနေကာယဝိညာဉ်တို့က သတင်းပို့လိုက်သည့် အတိုင်း မိမိ၏မနောအကြည်ဓာတ်ခွက်ဖြင့် ဖမ်းယူကာ ဆင်ခြင် သုံးသပ်ကြည့်၏။ ပြီးသော် ကောင်းမကောင်း ဆုံးဖြတ်ချက်ချပေး လိုက်၏။

ဤအတွင်းရေးကိစ္စများကိုလည်း တာဝန်ခံရရာ မနောသည် အတွင်းနှင့်လည်းဆက်ဆံ၏။ သို့ကြောင့် ဤမနောခင်း၏အတွင်းခင်းမှနေ ရှုသိနည်းကို အဇ္ဈတ္တ ဗဟိဒ္ဓ ဘက်စုံကာယရှုနည်းဆိုရာ၏။ စင်စစ် မနောသည် အားလုံးတို့၏ အားလုံးအတွက် ချုပ်ကိုင်ရာ ပင်မဌာန ကြီးပင်တည်း။

တစ်ဖန် အထူးမှတ်စေလိုသည်မှာ

**နတ်တလူစာစဉ်**

ထိုသို့ အတွင်း၏အတွင်းဖြစ်သော နှလုံးအိမ်အထိအသိရောက်ကာ နိုက်၍ရှုနိုင်ခြင်းသည် သတိ၊ အသိနှင့် သိက္ခာတို့၏လုပ်အားများသည် အဓိကဖြစ်၏။

သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့၏ မလှုပ်မထ အငြိမ်းပြနေခြင်းများသည် ဒုတိယ။

သွေးအုပ်စုကို အမှီမရကြလေသဖြင့် အတားတို့လွင့်စင်သွားရခြင်းသည် တတိယ။

ဤကွင်းဆက်များကိုလည်း မမေ့အပ်။ ဤကွင်းဆက်၏ အာနိသင်သည် ဉာဏ်ပွင့်လာခြင်းများပင်။

ဝိပဿနာဉာဏ်တို့၏ အစလေးပိုင်းသည် အကြမ်းပွင့်။

ဝိပဿနာဉာဏ်တို့၏ အလယ်လေးပိုင်းသည် အလတ်ပွင့်။

ဝိပဿနာဉာဏ်တို့၏ အဆုံးငါးပိုင်းသည် အနုပွင့်။

ဤဖြစ်စဉ်များကို လေ့လာလျှင် သတိသည် အစွဲသိမှ အထဲသိသို့ အဆင့်ဆင့်ပြောင်းပေးနေသောအတိုင်း သွေးလည်းပြောင်း စိတ်လည်းပြောင်း အသိလည်းပြောင်းကာ ထင်ရှားနေတော့ပြီသာ။

ဝိပဿနာဉာဏ်တို့၏အလယ်ပိုင်းဖြစ်သောဘင်္ဂအုပ်စု(ပျက်ရှု)မှစတင်ကာ အသိသည် အစွဲတို့အောက်မှ လွတ်မြောက်လာပြီး ဖောက်ခြေဝင်တော့မည်မဟုတ်ရာအကျင့်လည်းလွဲစရာ(လမ်းလွဲစရာ) မမြင်တော့ရကား သတိသည် ဦးမဆောင်တော့ပြီသူ့အစားအောက်မေ့

မှု အတွင်းထားကိုသာ အသိ၏အကူအပံ့အဖြစ် အရံပါစေပြီး အသိကို
သာ လမ်းပေးတော့မည်။

မနောသိသည် သဘောလည်းမိ ကိုယ်ပိုင်သိလည်း ဖြစ်သော
ကြောင့်တည်း။

(၁) နောက်ကဆိုခဲ့ပြီး ဘဝနှင့်ခန္ဓာတို့၏အပျက်သံသရာကြီး ထဲက အချိန်ကြာမြင့်စွာ တရစ်ဝဲဝဲနေခဲ့ရသော စိတ်သည် ထိုအပျက်သင်္ခါရတွင်းမှ လွတ်လိုမှုအားကြီးလာ၏။ သို့ကြောင့် စိတ်သည် မှတ်လက်စအာရုံထင် ရှုကွက်ထဲမှ ရုန်း၍ရုန်း၍ ထွက်သွားနေသလို ဖြစ်လာတော့၏။

သို့ကြောင့် အာရုံထင်ရှုကွက်တွင်းသို့ မကြာမကြာ ပြန်ဆွဲသွင်းပေးနေရ၏။ မည်မျှရုန်း၍ ရုန်း၍ ထွက်နေစေ ချက်ချင်းသိသိနေသည် ဖြစ်၏။ အသိရင့်လာခြင်း၏သဘောတည်း။

- ထိုသို့စိတ်ရုန်းထွက်ခြင်းများသည် ဘဝသင်္ခါရမှ လွတ်လိုသော ဝိပဿနာဉာဏ်၏သတ္တိတည်း။

- ထိုသို့စိတ်ရုန်းထွက်ခြင်းများသည် အာမခံမဲ့သော ဘဝအပေါ် ကြောက်ရွံ့လာခြင်း၏သင်္ကေတတည်း။

ယင်းကိုလျှင် 'မုဉ္စိတုကမျတာဉာဏ်' ခေါ်၏။ ဤဉာဏ်ရောက်လျှင် ခန္ဓာ၏သဏ္ဌာန်နိမိတ်များ ဖြစ်ရိပ်ပျက်ရိပ်နှင့်အတူ ပြန်လည်ထင်ရှားလာ၏။ သို့ကြောင့်ပြင်ပခန္ဓာမှ ပြသော နာကျင်မှုများ

လည်း ပြန်လည်ထင်ရှားလာပြန်တော့၏။ သို့ကြောင့်

မှတ်စရာ သိစရာများ စုံလင်လာ၏။ သဘောတရားရေးရာ ပိုင်းဖြစ်၍ အစကလောက် မကြမ်း။ ထိုသို့ ခန္ဓာခွင်ဖြစ်စဉ်အရှိ အာရုံ စုံမိလာခြင်းမှာ

အပျက်မြင်အပေါ် မျက်စိစုံမှိတ်၍ ရဲတင်းစွာစူးစိုက်ရှုရာမှ မိလာခြင်းဖြစ်၏။ အကယ်တိတိ

ထိုအပျက်မြင်၏အပေါ် အကြောက်လွန်နေတော့သဖြင့်

မရဲတရဲဖြင့် ရှုမှတ်ဆင်ခြင်နေပါမူကား အပျက်ကျော်သမျှ အပျက်ပေါ်ချည်းပြန်ကျ၏။ သို့ကြောင့် ယင်းအပျက်ကျော်လိုသူသည်

– ကုန်းဖြစ်ခဲ့သော် ကျားရဲတော အရဲစွန့်ဝင်နည်းကို ကျင့်သုံးကြရာသည်။

– ရေဖြစ်ခဲ့သော် မိချောင်းပေါသောနေရာ အရဲစွန့်ကူးနည်းသို့ ကျင့်သုံးကြရာသည်။

– ရွာနီးချုပ်စပ်ဖြစ်ခဲ့သော် မစင်ပုံထူသောလမ်း မျက်စိစုံမှိတ် နင်းနည်းသို့ ကျင့်သုံးကြရာသည်။

(၂) ထိုမှ လွန်မြောက်လာသော ယောဂီသည် နေရာပြောင်းလိုစိတ်များ ဖြစ်ပေါ်လာတတ်သည်။

ထိုင်မှတ်၍မကောင်းထင့်ဖြင့် ထမှတ်လိုစိတ်။

ထမှတ်၍မကောင်းထင့်ဖြင့် ထိုင်မှတ်လိုစိတ်။

**နတ်တလူစာစဉ်**

ထိုစိတ်များဖြစ်ပွားလာတတ်ရာ ပေမိုတ်မှတ်မှ ကျော်နိုင်မည့် ထိုနေရာပြောင်းလိုစိတ်များကား လက္ခဏာအချက်များကို ပိုင်နိုင်စွာ (ကွက်ကွက်ကွင်းကွင်း) သိလိုခြင်းကြောင့်သာ။

လက္ခဏာအချက်များ အခြားဉာဏ်များကထက် ပို၍ထင်ရှားလာသောအခါ

အောက်ပိုင်းသမ္မသနဉာဏ်တုန်းကမြင်ခဲ့သောအကြောင်းအရာဖြစ်နေသဖြင့် ဉာဏ်အဆင့်အောက်လျှောကျသွားပြီ ထင်ရ၏။ မှတ်၍ကား အထူးကောင်းမွန်လာ၏။

ခန္ဓာ၌ နာကျင်မှုများ အထက်ဉာဏ်ထက် ပိုဆိုးလာမည်။ ခန္ဓာမှာလည်း ရှေ့ယိမ်း နောက်ယိုင် ဖြစ်နေတတ်သည်။

အမှတ်တို့ တစ်ခုနှင့်တစ်ခု ဝေးနေသလိုလည်း ထင်ရတတ်၏။ အာရုံနှင့်မှတ်စိတ်(ရှုကွက်နှင့်မှတ်စိတ်)မတည့်ဘဲလည်း ဖြစ်နေတတ်သည်။ လက္ခဏာအချက်များတွင်ကား

အချို့ မမြဲပုံသဘာဝ ပို၍ကျနစွာ တွေ့လာရတတ်သည်။

အချို့ အပျက်သဘာဝ ဒုက္ခကပို၍ကျနစွာ တွေ့လာရတတ်သည်။

အချို့အကြမ်းမကသဘောမျှအနတ္တကပို၍ကျနစွာ တွေ့လာရတတ်သည်။

## နတ်တလူစာစဉ်

ထိုတွေ့သော အဓိကလက္ခဏာအချက်ကိုပင် လက်ကိုင်ပြု၍ ဤမှနေ ခရီးဆုံးအထိသွားမည့် မှတ်ချက်ကား ဤဉာဏ်တွင် လို သလို သွင်းခွင့်ရသေးသည်။ စေ့စပ်အား စူးစိုက်အား လိုရာဖြင့် သတိ အသိတို့ကို အားဖြည့်ပေးနိုင်သေးသည်။ သည်မှရှေ့ သခ်ါ ရပေက္ခာသို့ ရွေ့ဝင်သွားရတော့လျှင်ကား အသိဖြင့်ကြည့်နေရုံမျှသာ။

ဤဉာဏ်အဆင့်တွင်လည်း

ဝိပဿနာတို့၏ အောက်ပိုင်းဉာဏ်(ဉဒယဗ္ဗယ)မှာကဲ့သို့ အာရုံပုံရိပ်နိမိတ်ဆန်းများလည်းပေါ်တတ်သည်(စရိုက်လွန်တို့လောက် သာ) အလင်းရောင်များလည်း ပေါ်ထင်လာတတ်သည်။ ပီတိ၊ပဿဒ္ဓိ၊ သုခ စသည်သဘောများလည်း ကြာရှည်စွာပင် ပေါ်တတ်သေးသည်။ သို့တစေလည်း ထိုယောဂီသည် လက္ခဏာအမြင်သို့ ပို၍စိတ်ဝင်စား နေသောကြောင့် ထိုအရာများက ဝင်ရောက်မနှောင့်ယှက်နိုင်။ မိမိ လက်မိလက်ရဖြစ်သော လက္ခဏာအချက်ဖြင့်ပင် ရှုကွက်ပေါ် ခန္ဓာ ပေါ် စိတ်မေးတင်ထားတော့ရကာ ကိုယ့်အဖော်နှင့်ပင် ကိုယ်ပျော် နေချေပြီ။

(၃) သတိ၊ အသိတို့ ရင့်ကျက်လာသဖြင့် သို့မဟုတ်သတိဖြင့် သမာဓိထူထောင်ရာမှ အထက်ဉာဏ်အဆင့်သို့ အသိမှီ လာသဖြင့် မနောပြင်မှ သဘောမျှသာဖြစ်စဉ်များ ပို၍

ပီပြင်လာချေရာ…

– အကောင်းပါဆိုလည်း အရေမရ အဖတ်မရသဘောမျှသာ သိတော့သည်။

– အဆိုးကြီးပါဆိုလည်း အရေမရ အဖတ်မရ သဘောမျှသာ မိတော့သည်။

**မှတ်ချက်**။ ။ ဤနေရာသည် စိတ်မလှုပ်ယှက် ရုပ်မပျက်၍ ဒုက္ခကား မတွေ့ရတတ်။

သို့ကြောင့် သုခနှင့်ဒုက္ခ တန်းတူထားဆက်ဆံလာနိုင်၏။ လောကီ၏ သုခမှန်သမျှ ရန်သူအဖြစ်ဖြင့်လည်း မြင်လာ၏။ လောကီ၏ ဒုက္ခမှန်သမျှကိုလည်း မိတ်ဆွေအဖြစ်ဖြင့် မြင်လာ၏။ ဝမ်းနည်းဝမ်းသာဟူ၍လည်း မမြင်မိ။ သို့ကြောင့်

– ကြောက်ခြင်း နှစ်သက်ခြင်းအမှု ဘာလာလာ မမှုတော့ပြီ။

– ဆင်းရဲခြင်း ချမ်းသာခြင်းအမှု ဘာလာလာ မမှုတော့ပြီ။

– သမာဓိလွန်မှု ဝီရိယလွန်မှု ဘာဖြစ်ဖြစ် မမှုတော့ပြီ။

ဤကား အတူထား ဆက်ဆံနိုင်လာသောဉာဏ်၏စွမ်းရည်တည်း။ တစ်ဖန်လည်း

သတိ၊ အသိ စသော ဗိုလ်တို့၏အင်အားသတ္တိ အရှိန်အဟုန်များ မြင့်မားလာခြင်းကြောင့်

– ကိုယ်ရော စိတ်ပါ ကြာရှည်စွာထား၍ ရှုနိုင်လာ၏။

မပြောင်းလဲကြ။

– စိတ်အထိုင်ကျ ရုပ်အထိုင်ကျ ဖြစ်နေတော့၍ အမှတ်ကြာလေ သိမ်မွေ့လေဖြစ်လာ၏။

ရှုကွက်တွင်းမှ အခြားတစ်ပါး အာရုံများသို့ စိတ်မသွားရောက်တော့ပြီ။

ဤကား အထူးထားရှုနိုင်လာသောဤဉာဏ်၏စွမ်းရည်တည်း။

ဤဉာဏ်၌လည်း အောက်ပိုင်း၏ဥဒယဗ္ဗယဉာဏ်အဆင့်တုန်းကသို့ အလင်းရောင်နှင့် ပီတိပဿဒ္ဓိသုခ စသည်များ ဝင်လာတတ်သေး၏။

သို့တစေလည်း ဝမ်းမြောက်ခြင်းမရှိတတ်။ စိတ်ရင့်ကျက်နေပြီဖြစ်သောကြောင့်တည်း။

ဤဉာဏ်၌ ဖြစ်တတ်သေးသည်မှာ ရက်ကြာလာသောအခါ ရှုကွက်မှာ မထင်ရှားတော့ဘဲ သိစိတ်ကလေးချည်း မှတ်နေရတတ်၏။ ယင်းအသိစိတ်ကလေးကပင်

ရုံတစ်ခါ လေထဲမှာ ရောက်နေသည် ထင်ရ၏။ ရုံတစ်ခါ သိရုံမျှလေး ရေးရေးမျှအထိ ဖြစ်လာ၏။ ထိုမှပြန်ကျလာပြီး ပေါ်မြဲရှုကွက် ပေါ်လာကာ ရှုရသည်လည်း ရှိ၏။ တက်လိုက်ကျလိုက်ဖြင့် ဗိုလ်တို့အားညီမပြည့်မချင်း ကမောက်ကမဖြစ်နေတတ်၏။

(က) အောက်ဉာဏ်များတုန်းက အမှတ်ပေါ့သမားများ

ဤ၌ တွန့်နေမည်။

(ခ) ဆုကြီးပန် ဆုထူးပန်များလည်း ဤ၌သတ္တိစမ်းပွဲကျင်းပရမည်။

(ဂ) မိမိသီလသိက္ခာ၌ သံသယဝင်နေသူများလည်း ဤ၌ အရေးယူခံရမည်။

ထိုသုံးဦးတို့ ဤမှပင် နောက်သို့ပြန်လည် ဆုတ်ခွာသွားကြရသည်ကများသည်။

**မှတ်ချက်**။ ။ ဝေဘူဆရာတော်ဘုရားကြီးကား ရူတင်အရာ ဆုထူးပန်ဖြစ်သော်လည်း ဖွဲ့လုံ့လကြောင့် ပြီးစီးရသည်ဆို၏)

(ဃ) ဗိုလ်တို့ အားညီအားပြည့်ဖြစ်လာသောအခါတွင်ကား ရှေ့သို့ တက်နိုင်လောက်သည့် သင်္ခါရုပေက္ခာအားများ ပြည့်လာပြီဖြစ်တော့ရာ

အာရုံနှင့်မှတ်စိတ်သည်ထူးခြားလျှင်မြန်စွာသွက်လက်လာ၏။ လောကီ၏အထွဋ်အထိပ်ဉာဏ်နှင့် သစ္စာဉာဏ်တို့ဂဟေဆက်သည် ပမာနှင့်တူ၏။ လောကအာရုံတို့မှ ဝပ်ကျင်းထပမာလည်း ဆင်၏။

ဤအဆင့်တို့တိုင်အောင်သည်ကား မနော၏နှလုံးအိမ်တွင်းမှ နေတစ်ဆင့် ကြည့်ခွင့်ရဉာဏ်များချည်း ဖြစ်ကြ၏။ ကာယ၏အဇ္ဈတ္တ ဗဟိဒ္ဓနှစ်ခုပိုင်နေရာတည်း။ အချို့သောယောဂီသည် ထိုသွက်လက် နေရာမှပင် အမြင့်ဆုံးဆီသို့ ကူးထွက်သွားတော့၏။ အချို့မှာမူကား

သိစိတ်ကလေးတစ်ခုတည်းတည်း မှတ်ရင်းကပင် ကူးထွက်သွား၏။

ကူးသောအချိန်၏ ကာလကား တစ်မှတ်စာလေးလောက်မျှသာ။ ဤသို့ကူးပြီးသော(အောင်သူပြီဖြစ်သွားသော) ယောဂီ၏သတိရလာစဉ်ကာလတွင်ကား

အချို့ အလွန်မောဟိုက်နေတတ်၏။ အချို့ ဝန်ထုပ်ကြီးတစ်ခုကျသွားသလို ခံစားရတတ်၏။

အချို့ မိမိပြုဖွယ်ကိစ္စပြီးသွားသလိုလည်း ဖြစ်နေတတ်၏။အချို့ အမှတ်များ အလွဲလွဲအချော်ချော် ဖြစ်နေတတ်၏။ ထိုအားလုံးအောက်ပိုင်းဉာဏ်(ဖြစ်ပျက်မြင်ဉာဏ်) သို့ ပြန်လည်ကျရောက်သွားသောကြောင့် မှတ်မကောင်းဘဲ ဖြစ်နေတတ်ကြ၏။ ဓမ္မတာပင်တည်း။ ဤဆိုအပ်ခဲ့ပြီးသည်တို့မှာ

ကာယနုပဿနာ၏နယ်ပယ်ဖြစ်သော ကာယမှနေ ဉာဏ်များတက်ပုံ၊ ပြောင်းလဲလာပုံများပင် ဖြစ်ကြ၏။

– ဉာဏ်များ ဘာကြောင့်ပြောင်းသနည်း။ အမေး၏အဖြေလည်း ဖြစ်၏။

– ဉာဏ်များ တစ်ဆင့်နှင့်တစ်ဆင့် မတူပုံများ၏ အတွင်းခံအကြောင်းရင်းလည်း ဖြစ်၏။

– ဉာဏ်များ သည်မှသည် ကူးပုံအချက် တူညီကြခြင်း၏ အကြောင်းရင်းလည်း ဖြစ်၏။

## နတ်တလူစာစဉ်

စင်စစ် သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ကို ခြေကုပ်ယူ၍ တားဆီးနေကြသော ကိလေသာများကို ဖယ်ရှားရာတွင် ယင်းသွေး အုပ်စုနှင့်စိတ်ကို ထိန်းသိမ်းပေးနိုင်မှသာ အောင်နိုင်မှုရခြင်းသည် ဤညာဏ်အရာ၌ အကြောင်းရင်းတည်း။

## သွေးအကြောင်း ဝေဒနာက ကောင်းကောင်းသိ

ဝေဒနာတို့ကို အတွင်းအပြင်ခွဲခြားရာ၌

– အတွင်းဝေဒနာသည် ဘဝင်လေလှုပ်ခတ်ရာမှပေါ်၏။

– အပြင်ဝေဒနာများသည် အာရုံနှင့်တံခါး ထိပါးရာမှ ပေါ်၏။

– အတွင်းအပြင်ဝေဒနာများသည်ကား နှလုံးအိမ်တွင်းမှပင် ပေါ်၏။

ကာယ၏အတွင်းအပြင် ခွဲစဉ်အတိုင်းပင် ဖြစ်၏။ ထိုစဉ် အတွင်းသည် ဒေါမနဿ သောမနဿကို ဖြစ်စေပြီး၊ အပြင်ကား သုခ ဒုက္ခဖြစ်စေ၏ မနောပြင်၏သဘောအမြင်တွင်ကားအတွင်းရောအပြင် ပါ ဥပေက္ခာချည်း ဖြစ်လာစေ၏။

**နတ်တလူစာစဉ်**

စင်စစ် လူတို့၏အမူရာသည် ဝေဒနာကပြောနေသော သွေးအကြောင်းတည်း။ ကာမစည်းစိမ်ခံ အိမ်နေလူတို့၏ အမူရာများတွင်

သောမန – စိတ်ကောင်းရစဉ် မျက်နှာကအချိုးတစ်မျိုး

ဒေါမန –စိတ်ဆိုးကျစဉ် မျက်နှာကအချိုးတစ်မျိုးတို့ဖြင့်

သွေးဆိုးသွေးကောင်း ပြောင်းနေပုံကားအလွန်ထင်ရှားလှချေတော့၏။ ထိုမှပင် သွေးတိုးကြမ်းက ကိုယ်အမူရာပင် ပေါ်လွင်ထင်ရှား၏။ သည့်ပမာလျှင်

ယောဂီတစ်ဦး၏သွေးလေတို့ အပြောင်းအလဲများကိုလည်း ယင်းတို့၏မျက်နှာ ယင်းတို့၏အပြောအဆို ယင်းတို့၏လှုပ်ရှားမှုဖြင့် သိသာစေ၏။

ဤသည်ပင် ဝေဒနာခံ၍ ဉာဏ်တက်ခြင်းတည်း။

ဤသည်ပင် ဝေဒနာခံ၍ ဉာဏ်တို့ကို ပိုင်းခြားခြင်းတည်း။

ထိုသို့ ဉာဏ်တို့ကို ဝေဒနာတို့ဖြင့် ပိုင်းခြားဝေဖန်ရာ၌

– နောက်အခြေခံမာတိကာမှာပင် ခွဲဝေပြခဲ့ပြီးသည်က တစ်ကြောင်း။

– ကာယနုပဿနာတွင်လည်း အကျယ်ခွဲဝေပြခဲ့ပြီးသည်က တစ်ကြောင်း။

ဤအကြောင်းများကြောင့် အသေးစိတ်ကားမပြပြီ။ သွေးလေတို့ အပြောင်းအလဲအတိုင်းလည်းကောင်း၊ သည်းခြေများ ငြိမ်မငြိမ်

အေးမအေးအတိုင်းလည်းကောင်း၊ သလိပ်တို့ ထူမထူ ခဲမခဲအတိုင်း လည်းကောင်း ထင်ရှားလာသော အမူရာနှင့် ထိုအမူရာပြဉာဏ်အဆင့် များကိုသာ အဓိကထားပြဆိုမည်။ ထိုတွင်

(က)ပစ္စယ–ပရိဂ္ဂဟဉာဏ် ရုပ်နာမ်တို့ အပေးအယူလုပ် ခရီး ဆက်နေသည်ကို မြင်ရခြင်း။

( ခ )သမ္မသနဉာဏ် ရုပ်နာမ်တို့၌ လက္ခဏာအချက် ကွက်ပေါ် နေသည်ကို မြင်ရခြင်း။

ဤဉာဏ်နှစ်ပါးစလုံးတို့၌ပင် ယောဂီ၏မျက်နှာသည် ဒေါသ ရောင်သမ်းနေတတ်သည်။ သို့မဟုတ် သုန်မှုန်နေတတ်သည်။ ညှိုး နွမ်းလည်း ညှိုးနွမ်းနေသည်။ လမ်းလျှောက်ရာ ထိုင်ရာများ၌ ခပ် ငိုင်ငိုင်ဖြစ်နေတတ်သည်။ ဤသည်မှာ သွေးအကြောင်း ဝေဒနာက စကားပြောနေခြင်းပင်။

ထိုဉာဏ်များသို့ ရောက်လာသူ၏ ခံစားရချက်သည် ဒုက္ခ ဝေဒနာများပင်ဖြစ်၏။

ပစ္စယ၊ ပရိဂ္ဂဟဉာဏ်၌ ပုဂ္ဂိုလ်စွဲထားခြင်း၏ လွဲမှားပုံသိ လာပြီး စိတ်မတင်မကျဖြစ်နေဆဲမို့။

သမ္မသန၌ အတ္တ၊ သုခ၊ နိစ္စ စွဲနေရာမှ ပြောင်းပြန်သိလာချိန် စိတ်မတင်မကျဖြစ်နေဆဲမို့။

ထိုမို့နှစ်မို့တို့သည် မောဟသွေးမှ ဒေါသသွေးသို့ပြောင်းလဲ

စေ၏။

စိတ်အထန်၊ လေအထ၊ သွေးတိုးများကြွလာရာမှ ကိုယ်၌ မခံသာမှုဒုက္ခဝေဒနာ ပေါ်လာရာ၊ ထိုအပြင် ဒုက္ခကြောင့် အတွင်းဝယ် စိတ်ဒေါမနဖြစ်နေ၏။ ထိုစိတ်ဒေါမနကြောင့်လည်း ကိုယ်၏မျက်နှာ၌ ဒေါသသွေး၏အရောင်များ လွှမ်းနေခြင်းဖြစ်၏။ ထိုဉာဏ်နှစ်ပါးသည် သမထမှ ဝိပဿနာသို့ သမာဓိဉာဏ်မှ ပညာဉာဏ်သို့ ကူးပြောင်းရာဌာနဖြစ်၏။ သို့ကြောင့် သမထသုခ၌ သာယာတပ်စွဲနေလေ့ရှိသူများ ဤဉာဏ်တွင် ဘဝင်လေ မြေမကျနိုင်။

မိမိကိုယ် မိမိ အထင်ကြီးမှု ခင်မင်မှုအားကြီးသူများလည်း ဘဝင်မကျနိုင်။

ဘဝနှင့်ခန္ဓာအခြေ မိမိထင်သလို ဖြစ်မလာချေသောကြောင့် တည်း။

ဤဉာဏ်နှစ်ပါးကား

ပြင်ပဝယ်ဒုက္ခဝေဒနာ အတွင်း၌ ဒေါမနဝေဒနာတို့ ကျက်စားရာနယ်ပယ်တည်း။

ထိုသို့ပင် ကိုယ်စိတ်နှစ်ပါး ဒုက္ခ ဒေါမနဝေဒနာများ ပေါ်ပေါက်နေသော်လည်း ကျင့်အားသည်လည်း အရှိန်ကောင်းလာပြီ ဖြစ်၏။ အမှတ်နှင့်အသိများလည်း တက်လာ ထက်လာနေကြပြီ ဖြစ်၏။ သို့ကြောင့် အသိများရှေ့တိုးလာကာ ဉာဏ်ပွင့်စေ၏။

## နတ်တလူစာစဉ်

ခန္ဓာဖြစ်စဉ်များ ချက်ချင်းပေါ် ချက်ချင်းပျောက်ဖြင့် နောက်ရောက်ရှေ့ထွက် ဖြစ်နေသည်ကို အထင်းသား အရှင်းသား မြင်တွေ့ခွင့်ရလာ၏။

ခန္ဓာဖြစ်စဉ်များ ငုတ်တုတ်ပေါ် ငုတ်တုတ်ပျောက်ဖြင့် တောက်လျှောက်သော ဖြစ်ပျက်လှုပ်ရှားနေပုံများကို

– အတပ်သိ ကပ်သိ သိခွင့်ရလာ၏။ မိမိလက်မိလက်ရ ဓမ္မအပေါ် စိတ်ချလက်ချ ယုံကြည်လာပြီ။

– တကယ်လုပ် အဟုတ်ဖြစ်သည်ဟူသော ကိုယ်ပိုင်သဒ္ဓါအားများ ထွန်းကားလာပြီ။

ထိုစိတ်ချယုံကြည်ခြင်း တရားအပေါ်သက်ဝင်ယုံကြည်ခြင်းအားများကြောင့်ပင် သွေးများသန့်စင်လာပြီး သည်းခြေများအေးဆေးငြိမ်သက်လာ၏။ဒေါသစရိုက်ကြောင့်(ရာဂမောဟစရိုက်များကြောင့်) နောက်ကျူနေသော သွေးများ သတိကြောင့် သန့်စင်လာသည်နှင့်အမျှ နှလုံးအိမ်ရှိ နှလုံးသွေးများလည်း ကြည်လင်တောက်ပလာ၏။ လေများလည်း ဒေါသသွေးလျှမ်းစဉ်တုန်းကသို့ ကြမ်းခြင်း ရမ်းခြင်းမရှိ။ သို့ကြောင့်

– မနော၏ကြည်လင်တောက်ပအားကြောင့် စိတ်အလင်းရောင်များလည်း ထွက်ပြူလာ၏။

သွေး၊ သည်းခြေတို့ ကြည်လင်တောက်ပရာမှလည်း ကိုယ်

အလင်းရောင်များ ထွက်ပြူလာ၏။ သို့ကြောင့် စိတ်သည် သောမနစိတ်ဖြစ်လာတော့ရကား။

– ပီတိဖြင့်လည်း မိမိအလုပ်ပေါ် နှစ်လိုအားရသဘောကျနေတော့၏။

– ပဿဒ္ဓိဖြင့်လည်း ကိုယ်ရောစိတ်ပါ အငြိမ်းဓာတ်ရလာစေတော့၏။

– သုခဖြင့်လည်း **ပြင်ပကာယ** ဣရိယာပထမျှတနေ၏။

သွေးနှင့်စိတ်တို့ ထိုသို့ ပြောင်းလဲလာသည့်နည်းတူ

(က) ကိုယ်သည်လည်း မပင်မပန်း ချမ်းချမ်းသာသာဖြင့် သုခဝေဒနာခံစားနေပါသည်။

(ခ) စိတ်သည်လည်း ဝမ်းမြောက်ဝမ်းသာဖြင့် သောမနဝေဒနာ ခံစားနေပါသည်။

ဤဉာဏ်အဆင့် (ဥဒယဗ္ဗယဉာဏ်အဆင့်) သို့ရောက်ရှိလာသူ၏ အမူရာများသည် မျက်နှာများရွှင်လန်းတက်ကြွနေ၏။ထိုစဉ်ဘဝင်လေနုးဝမ်းနှင့် အူများမြူးနေတော့ကာစကားပြောရာတွင်ခပ်ရွှင်ရွှင်ဖြစ်လာ၏။ ပြောစကားများမှာ တရားတော်အပေါ်၌ ယုံကြည်ထိုက်ပုံ တကယ်လုပ် အဟုတ်ဖြစ်ရပုံ စသည်များဖြစ်ကြ၏။

အားထုတ်ရာတွင် ဆိုခဲ့ပြီး **ပီတိ၊ ပဿဒ္ဓိ**တို့အပြင် စိတ်ကိုအစိုးရခြင်း အဓိမောက္ခစိတ်ကို မြှောက်စားနိုင်ခြင်း **ပဂ္ဂဟ**၊ စသည်

များကြောင့် ထိုခံစားခွင့်ရများအပေါ် သာယာနေတော့ခြင်း **နိကန္တိက တဏှာ**(လိုလားမှုတဏှာ)များ အကောင်းကြိုက်သမားများ၌ ဖြစ်ပွား လာလေ့ရှိ၏။ ကာမစ္ဆန္ဒနီဝရဏ အတား၏ထောင်ချောက်ထဲ ဝင်ရောက် သွားမိခြင်းပင် ဖြစ်၏။ သို့ဖြင့်

ဝေဒနာကောင်းများအကြား စိတ်ကို ခေါင်းထိုးထားလျက်က မျှောလိုက်နေချေရာ တစ်စတစ်စနှင့် ထိုဝေဒနာကောင်းများလည်း ခန်းစပြုလာ၏။ ရှုကွက်မှပြနေသော ဖြစ်ပျက်မြင်ပြချက်များလည်း တစ်စတစ်စ မှိန်ကျလာကာ ပျောက်လုခမန်း ဖြစ်လာ၏။ လမ်းမှား ဟူ၍ သိလိုက်ရပြီ။

– ထိုအခါ ဝေဒနာကောင်းတို့၌မလိုက်စားဘဲလမ်းထွင်သတိ နှင့် လမ်းဝင်အသိများကို ရှုမြဲရှုကွက်တွင်း ပြန်လည်နေရာချထား၍ လမ်းမှန်သို့ထွက်စေရ၏။ ဤဉာဏ်အရာတွင်

(က) ပြင်ပကိုယ်မှကား သုခဝေဒနာများ အများအစားပေါ်စေ သည်။

(ခ) အတွင်းစိတ်မှကား သောမနဝေဒနာများ အများအစား ပေါ်စေသည်။

သုခနှင့် သောမနဝေဒနာတို့ ကျက်စားရာနယ်မြေတည်း။ ထိုမှ တစ်ဆင့် သတိ၊ အသိတို့ လမ်းဝင်မှန်လာခြင်းကြောင့် သွေးသည် သွက်ရာမှ မှန်လာ၏။ လေများလည်း ပို၍ငြိမ်လာ၏။ ကိုယ်အနံ့ ရှိ

သည်းခြေများလည်း သွေးနှင့်အတူ တည်ငြိမ်လာ၏။ နှလုံးအိမ်၏ အထက်တို့မှ အုပ်မိုးထားသော သလိပ်ပြင်ကြီးသည်လည်း ခဲကြပ်ခြင်း လေးပိခြင်းမရှိတော့ဘဲ (ငှက်ပျောသီးမှည့်ကို ပန်းကန်တွင်းထည့် ဇွန်းဖြင့် ကြေမွသွားသည်အထိ မွှေနှောက်လိုက်ရာမှ ပတ်လည်တွင် အရည်လဲ့နေသော ဆီကြည်ပမာ) ကြည်သွက်ခြင်းနှင့်အတူ ငြိမ်သက်နေ၏။

ရာဂသွေး ရာဂစရိုက် လိုက်ခွင့်မရပြီ။

– ဒေါသသွေး ဒေါသစရိုက်ကား ဥဒယဗ္ဗယဉာဏ်မှာပင် ပြတ်ကျန်နေရစ်ခဲ့ပြီ။

– မောဟသွေး မောဟစရိုက်တို့ကား သတိအသိတို့ ခြေခွင်ကြား ကစားစရာအဖြစ်ပါဆဲပင်။ သို့ကြောင့် ဤဉာဏ်များသို့ (ဘင်္ဂအုပ်စုထဲသို့) ဝင်လာသူ၏အမူရာသည်

ကြည့်ပုံရှုပုံ တည်ငြိမ်လာ၏။ သွားလာရာတွင်လည်း နှေးကွေးလာ၏။ သိသိသာသာကြီး စကားပြောနည်းသွား၏။ အထက်ဉာဏ်နှင့် ပြောင်းပြန်ဖြစ်၏။ မျက်နှာမှာညှိုးနွမ်းနေ၏။ အသံများဆို့နစ်ကြေကွဲသံပေါက်နေ၏။ထိုဉာဏ်များသည်ခန္ဓာဖြစ်စဉ်မှုပြသော ပျက်စုကိုချည်း တွေ့မြင်နေရသောကြောင့် ကြောက်ရွံ့ထိတ်လန့်ခြင်း သံဝေဂများသာ ဖြစ်နေ၏။ ခန္ဓာနှင့်ဘဝအပေါ် အပြစ်မြင်လာ၏။ ကာလသုံးပါးအကြားအလပ်မရှိအပျက်မိနေခြင်းကြောင့်ငြီးငွေ့နေ၏။

## နတ်တလူစာစဉ်

ထိုအမြင်သုံးချက်တို့ကြောင့်ပင် တက်ကြွသော ဒေါသနေရာတွင် ဆုတ်နစ်သောဒေါသများ ဝင်ရောက်ကာ နေရာယူနေပြီ။ ကြိုက် နှစ်သက်သော လောဘနေရာတွင်လည်း ကြောက်ရွံ့သော သံဝေဂက ဝင်ရောက်ကာ နေရာယူနေပြီ။ သွေးလေများတန့်နေကြပြီ။

ဤနေရာသည် ကာယရှိ ရာဂဒေါသသွေးတို့အား ခဝါချ သန့်စင်ပေးရာ နေရာဌာနတည်း။

ဤနေရာသည် မာနရှိ ရာဂဒေါသစရိုက်တို့အား ခဝါချ ဖွတ်လျှော်ပေးရာ နေရာဌာနတည်း။

ဤနေရာသည် သဏ္ဌာန်ဒြပ်ထင် ပညတ်မှ ဒြပ်မဲ့သဘောမျှ ပရမတ်သို့ ပြောင်းလဲပေးရာနေရာဌာနတည်း။

ဤနေရာသည် ဘဝင်လေဖြင့် အတွင်းကြေဝေဒနာများအား ခါထုတ်ပစ်ရာနေရာဌာနတည်း။

သို့မဟုတ် ဘဝနှင့်ခန္ဓာအပေါ် အမျှော်ထားစိတ်မှ ဥပေက္ခာစိတ်သို့ ပြောင်းပေးရန် တာစူနေခြင်း။

သို့ကြောင့် ဘာဝနာအလုပ် တကယ် အားထုတ်နေသူ၏သိက္ခာစဉ်ကို ဉာဏ်များမှ စတင်ကာ အထက်ခရီး မပြီးဆုံးမချင်း ဘဝင်လေနှင့် သွေးတို့၏လှုံ့ဆော်မှုကို မရတော့သော ရာဂ၊ ဒေါသစရိုက်သွေးများသည် ကာမစ္ဆန္ဒ နီဝရဏ၊ ဗျာပါဒ နီဝရဏအမည်ဖြင့် တား

ကွက်ဖော်ရန် မတတ်သာကြပြီ။ သို့ကြောင့် အကျင့်မှန်လာစေပြီ။

ထိုသို့ ဘဝင်လေ လှုပ်ရာမှပေါ်လာသောဝေဒနာဖြင့်ခန္ဓာဆက် အပျက်ချည်း ရှုခွင့်ရယောဂီသည်

– ဘဝဆို နောင်ဘယ်လိုဘဝမျိုးမှ မရလိုသောစိတ် ထိပ်တက်လာ၏။

– ပျက်စုကိုကြည့်၍ နောင်ဆိုလျှင် နောက်နာရီချိန်လောက်မျှ မရောက်ချင်သောစိတ် ထိပ်တက်လာ၏။

– ပျက်စုမှရှိသော ဤဘဝ ဤခန္ဓာမှလည်း ယခုထွက်ခွင့်ရ ယခုပင် ထွက်လိုစိတ်ပေါ်လာ၏။

ထိုစိတ်ထားဖြင့်ပင် သတိသည် တစ်စစတိုး ကြိုးစား၏။ အသိသည်လည်း တစ်စစချဉ်း အတွင်းဝင်ကြည့်ပေး၏။

ထိုအတွင်းမှကား

ခဏချင်းဖြစ် ခဏချင်းပင် ပျက်နေသော အနိစ္စ **ခယဋ္ဌ**သဘာဝ တွေ့သိလာရ၏။

ဖြစ်လာသမျှ အပျက်သို့သာ ထိုးဆိုက်သွားသော ဒုက္ခ **ဘယဋ္ဌ** သဘာဝတွေ့သိလာရ၏။

အမာခံမရှိ အငွေ့ဖြင့်သာ ဖြစ်ပေါ်လာသော အနတ္တ **အသာရကဋ္ဌ** သဘာဝတွေ့သိလာရ၏။

– လက်စသပ်တော့ ဘဝနှင့်ခန္ဓာသည် အနိစ္စမျိုး **ခယဋ္ဌမျိုး**

ပေတကား။

– လက်စသပ်တော့ ဘဝနှင့်ခန္ဓာသည် ဒုက္ခမျိုး **ဘယဋ္ဌမျိုး** ပေတကား။

– လက်စသပ်တော့ ဘဝနှင့်ခန္ဓာသည် အနတ္တမျိုး **အသာရက်** မျိုးပေတကား။

ဤဘဝ ဤခန္ဓာ၏အတွင်းပိုင်းသည် အပြင်ပြပုံစံလှလှဖြင့် တည်ဆောက်ထားသော လူသုံးကုန်စက်ပစ္စည်းများပမာ

ဤအသိ ဤအမြင်များကြောင့်

သွေးများတိတ်စပြုလာ၏။ လေများတွင်လည်း အဓိက ဘဝင် လေသည်ပင် အိပ်စပြုလာ၏။ သွေးရောင်နှင့် သည်းခြေများ ပို၍ ကြည်လင်လာ၏။ သို့ကြောင့်

– လက္ခဏာဝင် ပဋိသင်္ခါဉာဏ် အနုပိုင်းသို့ဝင်လာသူ အနည်းငယ် ရွှင်လန်းစပြုလာ၏။

– လက္ခဏာဝင် ပဋိသင်္ခါဉာဏ် အရင့်ပိုင်းရောက်လာက ပို၍ ရွှင်လန်းလာ၏။

ထမ်းထားရသော ရာဂဒေါသစရိုက်ဝန်ထုပ်နှင့် အပျက်အုပ်မှ လွတ်မြောက်လာသောကြောင့်။

ထိုနှင့်တစ်ဆက်တည်းသော သင်္ခါရုပေက္ခာဉာဏ်တွင်းသို့ ချဉ်းနင်းဝင်ရောက်လာပါမူကား...

## နတ်တလူစာစဉ်

– သွေးသန့်တို့ဖြင့်ပြီးသောမျက်နှာသည် အထူးကြည်လင်လာ၏။

– ဘဝင်လေစပ်ကျင်းအိပ် ဖြစ်သွားသဖြင့် အမူရာများတည်တည်မှန်မှန် ဖြစ်လာ၏။

– ယခင်က မျက်နှာပေါက်ဆိုးသူပင် ဣန္ဒြေဝင်လာပါက မျက်စိမျက်နှာများ အထူးကြည်လင်နေ၏။

ခန္ဓာဖြစ်စဉ်၏ပြချက်များသည်

အာရုံတို့တိုက်ခိုက်ရာ ကာယပေါ်မှမဟုတ်တော့ဘဲ ထိုပြင်ပကာယတို့၏ အကြည်ဓာတ်မှ ဟပ်ပို့လိုက်သောပုံငွေ့၊ ပုံရိပ်များကမနောပြင်သို့အကျ၊ ထိုမနောပြင်ကလည်း စရိုက်သွေးတို့ အနယ်မထသဖြင့် ကြည်လင်တောက်ပနေချေရာ

ထိုတောက်ပသော အကြည်ပြင်ပေါ်မှ ထိုကျလာသောအာရုံစဉ် များကို ရောင်ပြန်ထိုးသောတစ်ဆင့် အရိပ်အခိုးမျှဖြင့်သာတွေ့သိ ခံစားခွင့်ရလာသောကြောင့်…

အာရုံခံစားမှုဆိုတာ ရွှံ့ပေါ်အရောင်တင် ပန်းချီပညာဖြင့် အလှဆင်ထားသော အရုပ်ကလေးတစ်ရုပ် ထိုင်ကြည့်နေရသလိုပါပဲ။

အာရုံထိတွေ့မှုဆိုတာ လေလာရာ ပါးစပ်လှည့် အငွေ့မျှအထည့်ခံနေရသလိုပါပဲ။

ဤသို့ တကယ်မရှိ သဘောမျှဟူသော အသိဝင်လာ၏။ကြာ

ကြာကြည့်လေ ရိပ်မိလေ ကြာကြာတွေ့လေ သိမ်မွေ့ကာဖြင့် အငွေ့စဉ်မျှကား ပို၍ထင်ရှား၏။ ထိုစဉ်

မပြုံးလို မမဲ့လိုသော ဥပေက္ခာဝေဒနာသည် ပေါ်ထွန်းလာ၏။

သဘာဝဖြစ်စဉ်မှန်သမျှ သဘောမျှဟူသော ဓမ္မာနုပဿနာ ထွန်းကားရာနယ်မြေတည်း။ ဤဉာဏ်အရောက်တွင်

– သွေးများနောက်ကျုခြင်းကင်း မနောသွေးပါအကြည်ဓာတ်ဖြင့် လင်းနေခြင်း။

– ဘဝင်လေနှင့်တကွ အတွင်းနေလေအားလုံး မလှုပ်ယှက်တော့ခြင်း။

– ရာဂ၊ဒေါသသွေးများကင်းစင်သုခဒုက္ခဝေဒနာများ မဝင်သာတော့၍ စိတ်မကလက်တော့ခြင်းများကြောင့်။

– ဝမ်းနည်းစရာနှင့်ကြုံလည်း ဖြုန်တော့မည်မဟုတ်ချေပြီ။

– ဝမ်းသာစရာများနှင့်ကြုံလည်း တုန်တော့မည်မဟုတ်ချေ ပြီ။

တရားနှင့်စပ်မှမဟုတ် တခြားနှင့်စပ်၍လည်း တုန်မည် ဖြုန်မည် မဟုတ်ပြီ။

အရာရာအစွဲလည်းနှုတ် အငြိလည်းဖြုတ်ဖြင့် သေဒဏ်ချ စက်ခလုတ် မောင်းတင်ပေးထားခြင်း။

ဤဉာဏ်ကား ကိုယ်ရောစိတ်ပါ ဥပေက္ခာဝေဒနာ ထွန်းကားရာဌာနတည်း။ ထိုမှထွက်၍ အစွဲပါ ရုပ်နာမ်တို့ကို မဂ်ဖြင့် ဖျက်ဆီးကာ တရားပြည့်စုံလာသူမှာကား...

**နတ်တလူစာစဉ်**

ရာဂသွေးအစား သဒ္ဓါသွေးများ ဆမ်းထားသောကြောင့် မျက်နှာဝင်းဝါနေမည်။

ဒေါသသွေးအစား ပညာသွေးများ ဖျန်းထားသောကြောင့် မျက်နှာရွှင်ပျနေမည်။

မောဟသွေးအစား သမ္မာဝိတက်သွေးများ ဖျန်းထားသော ကြောင့် မျက်နှာလန်းဆန်းနေမည်။

သို့ကြောင့် ပြီးခဲ့သောညဏ်များထက်ပို၍ အဆင်းများကြည်လင် နေတော့မည်။

မဂ်များသည် သွေးအချင်းချင်း အပြောင်းလဲလုပ်ရာနေရာ ဌာနများဖြစ်ကြ၏။

သို့ကြောင့် စရိုက်၊ ဉာဉ်၊ ဉာဉ်ဝါသနာများလည်း တစ်နွယ်ငင် တစ်စင်ပါအားဖြင့် မုချပြောင်းလဲပေးရတော့မည်သာ ဖြစ်၏။ ခံစားပုံ များကား ပုထုဇဉ်တို့နှင့် ပြောင်းပြန်ဖြစ်လာ၏။ မှတ်သားခြင်း ကြောင့်ကြစိုက်ခြင်း သိမြင်ခြင်းများလည်း ပြောင်းပြန်ချည်း ဖြစ်ကြရ တော့၏။

ဝေဒနာသည် အတွင်းနေ သွေးလေတို့အကြောင်း ကောင်း ကောင်းသိ၏။ စိတ်ကပင် ထိုသွေးလေတို့ အပြောင်းအတိုင်းပြောင်းလဲ လိုက်ပါနေသောကြောင့်တည်း။

ကိုယ်အမူရာသည် အတွင်းနေ သွေးလေတို့အဟုန် ပုံဖော်ပြ

နေ၏။

သွေးလေတို့ဖြင့် တည်ဆောက်ထားသောကိုယ် သွေးလေတို့နှင့်အတူ ပြောင်းရမြဲဖြစ်သောကြောင့်တည်း။

စင်စစ်ဝေဒနာသည် သွေးလေနှင့်အမှုရာတို့ သရုပ်ပြရာ၏သော့ချက်တည်း။

# သွေး တိတ်မတိတ် စိတ်ကအသိ

စိတ်ကိုအတွင်းအပြင်ခွဲရာ၌

– ဘဝင်လေနှင့်မှီ၍ဖြစ်သော တွေးစိတ်တောစိတ်များက အတွင်း။

– မြင်သိ ကြားသိ စသည်အာရုံကျရာတံခါးမှ စိတ်များက အပြင်။

မနောအိမ်၏အတွင်းမှ သဘောသိ သိနေသောစိတ်က နှစ်ဘက် ရ။

ဤသို့ခွဲခြားခဲ့၏။ ဉာဏ်အဆင့်များကိုလည်း ဤအစွဲအတိုင်း ပင် ခွဲဝေပြခဲ့ပြီးဖြစ်၏။ အထူးပြစရာမရှိ။ တစ်ဖန်လည်း ဝေဒနာတို့

၏ အစွဲဖြင့် ဉာဏ်ဝေဖန်ရာ၌ပင် ဝေဒနာနှင့် စိတ်မကင်းရာ မကင်း ကြောင်း အဖြစ်ဖြင့် ပါဝင်ခဲ့ပြီးဖြစ်နေခဲ့၍ အထူးပြစရာမရှိ။ သို့တစေ လည်း

မှတ်သိနှင့် အစွဲသိတို့အားပြိုင်ရာ စားကျက်နယ်မြေများ ကာယ ဝေဒနာ၊ စိတ္တ၊ ဓမ္မဟူ၍ အစဉ်အတိုင်း ခွဲဝေထားရာ ရှိနေသဖြင့် ပုံကြမ်းမျှ သီးခြားအပိုင်းတစ်ခုအဖြစ် စိစစ်ဝေဖန်ပြမည်။

စိတ်သည် သိဆိုသော သူ့တာဝန်တစ်ခုမှတစ်ပါး အခြား ဘာမျှ မလုပ်တတ်။ မည်သည့်အရာကိုမျှ (သူ့အစွမ်းသက်သက်ဖြင့်) ဝင် မရှုပ်တတ်။ ထိုမျှအခြားအခြားများနှင့် ကင်းကင်းရှင်းရှင်းနေတတ် သော စိတ်။

– သူ့မှီသော သွေးလေတို့ပူခြင်း ပျံ့ခြင်းကြောင့်လည်း လန့် ပြေး ပျံ့ပြေး ပြေးနေရ၏။

– သူ့မှီသော သည်းခြေတို့ခိုက်ခြင်း မခိုက်ခြင်းအတိုင်းလည်း ကြိုက်မကြိုက် လိုက်ဖြစ်နေရ၏။

– သူ့မှီသော သလိပ်တို့ ထူခြင်းပါးခြင်းအတိုင်းလည်း သိ မသိ လိုက်ဖြစ်နေရ၏။

– သူ့ရှေ့မှ လမ်းပေးအဖြစ်ပြေးနေသောဝေဒနာအတိုင်းလည်း အပြုံးအမဲ့လိုက်ဖြစ်နေရ၏။ ထိုတွင်

(က) ဘုရားရှင်၏ သွေးလွှတ်ရာ နှလုံးအိမ်အောက်မှ အပေါက်

ဝသည် လက်သန်းတစ်လုံးစာမျှ ကျယ်သည်ဆို၏။

(ခ) သာမန်ပညာရှင်တို့၏ သွေးလွှတ်ရာ နှလုံးအိမ်အောက်မှ အပေါက်ဝသည် မီးခြစ်ဆံခေါင်းဝင်ရုံမျှသာ ရှိသည်ဆို၏။ သို့ကြောင့် ရှေ့နောက်ဆင်ခြင်တိုင်းထွာစိတ်ရှိ၏။

(ဂ) လူမိုက်တို့၏ သွေးလွှတ်ရာနှလုံးအိမ်အောက်အပေါက်ဝကား အပ်ဖျားဝင်ရုံသာလေးမျှ ရှိသည်ဆို၏။

သို့ကြောင့် ဆင်ခြင်စိတ် ထိန်းသိမ်းနိုင်စိတ်မရှိပြီ။

ဤသည်မှာ သွေးမှီ၍ ဖြစ်သောစိတ်၏ကွဲပြားခြင်း။

သည့်အတူ သူမှီသော သည်းခြေအိတ်နှင့် သည်းခြေများ ပူလွန်းနေသော်လည်းကောင်း၊ လေထန် လေပူထနေသော်လည်းကောင်း စိတ်သည်လည်း ထန်စိတ်ချည်း ကျနေမည်သာ။

သလိပ်သည်လည်း သွေးလေတို့ကို ထိန်းပေးရာ၏ ကိရိယာ တစ်ခုဖြစ်ရာ ထိုသလိပ်က ထူလွန်းမည်၊ ထကြွလွန်းမည်ဆိုက စိတ်သည်လည်း တိမ်ထူရာမြင်ကွင်းလှမ်း၍ ကြည့်သော မျက်စိနှစ်ကွင်း ပမာ အလင်းမသာပြီ။

ဝေဒနာသည် စိတ်၏ရှေ့ပြေးဖြစ်သည်ဆိုသည့်အတိုင်း

(၁) ဝေဒနာက သောမနဝေဒနာဖြစ်နေသော် စိတ်ကလည်း ပြုံးစိတ်ရယ်စိတ်ဖြစ်နေမည်သာ။

(၂) ဝေဒနာက ဒေါမနဝေဒနာ ဖြစ်နေခဲ့သော် စိတ်ကလည်း

မုန်းစိတ် မဲ့စိတ်ဖြစ်နေမည်သာ။

(၃) အကယ်တိတိ ဝေဒနာက ဥပေက္ခာဆိုသော်ကား စိတ်သည်လည်း မထုံတတ်တေး စိတ်မျှသာ။ ထိုစဉ်

သွေးလေတို့ကလည်း အတိုးကြမ်းဆဲ သည်းခြေကလည်း ပူဆဲလှုပ်ဆဲ ဖြစ်နေသေးသော ဒုက္ခဝေဒနာဒေါမနဝေဒနာအတွဲတို့ကျက်စားရာ ဝိပဿနာအောက်ဉာဏ်အဆင့်ရှိစိတ်နေစိတ်ထားများကား ဘဝင်လေပူ နှလုံးသွေးဆူတို့ လွှင့်နှုန်းအတိုင်းလျှင်

(က) အတိတ်စွဲတေးပြင်ပအာရုံရှင်များတို့ဆီ ပြေး၍လည်း သိသိသာသာ ပေးနေမည်။

(ခ) ယခုဒဏ်ထိ အမြင်အကြားတို့ရှိရာ ပြင်ပတံခါးဝများဆီ သွား၍လည်း ထိုင်ကြည့်နေမည်။

(ဂ) ဘယ်ကိုမျှပြေးခွင့်မရက ဒုက္ခဝေဒနာပြရာ၌ လေးလေးနှင့် ငေးကြည့်နေမည်။

ဤကား သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့အတိုင်း လိုက်ဖြစ်နေသောစိတ်၏အထာတည်း။

ဤဉာဏ်များမှတစ်ဆင့် ရှေ့တက်ခွင့်ရလာသော်

– စွဲစိတ်ကို မှတ်စိတ်နှင့် သိစိတ်တို့က တိုင်းညှပ်ကာ ပြုပြင်ပေးလိုက်ကြရာမှ ခန္ဓာ၏သွေးလေသည်းခြေများ အေးဆေးလာခြင်း ငြိမ်သက်လာခြင်းကြောင့်လည်းကောင်း။

**နတ်တလူစာစဉ်**

– တစ်ဖန်လည်း သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ကို မှတ်စိတ်နှင့် သိစိတ်တို့ကြောင့်ဖြစ်သော သမထစျာန်နှင့် သမာဓိဉာဏ်များက ဝိုင်းညှပ်ပြုပြင်ပေးလိုက်ကြရာမှ စွဲစိတ်ပါ ယဉ်ကျေးလာခြင်း ငြိမ်သက်လာခြင်းကြောင့်လည်းကောင်း၊

ဝေဒနာသည်လည်း

အတွင်း၌ဒေါမနအစား သောမနများ ဝင်လာချေရာ၊ စိတ်မှာလည်း ဝမ်းသာစိတ်ဖြစ်လာပြီ။

အပြင်၌ ဒုက္ခအစား သုခများ ဝင်လာချေရာ စိတ်မှာလည်း ချမ်းသာစိတ် ဖြစ်လာနေပြီ။

ထိုအခါမျိုးများရှိ စိတ်သည်လည်း အပြင်ဟူ၍သာ ဆိုရချေဦးမည်။

သောမန ဒေါမနတို့သည် ပြင်ပကာယ၏သုခ၊ ဒုက္ခမှီ၍ ဖြစ်လာသော ဝေဒနာမျှသာ ဖြစ်လာသေး၍

– တစ်ဖန် ထိုဝေဒနာများတို့ကို မျက်ကြောဖြတ်ရာ။

– ခန္ဓာဖြစ်စဉ်များတို့ကိုလည်း ပညတ်မှပရမတ်သို့ပြောင်းလဲရာ။

– ဘဝ၏အနာကိုကြည့်၍ သံဝေဂသို့ ထိုးလှည့်ပေးကာ အစွဲအငြိတို့ကို အထိနာစေရာ ဝိပဿနာဉာဏ်တို့၏ အလည်ပိုင်း ဘင်္ဂအုပ်စုတွင်း ဆင်းမိချိန်တွင်ကား ထိုစိတ်

– သူ့ကိုလည်း မကြည့်အား၊ ကိုယ့်ကိုလည်း မကြည့်အားပြီ။

– ယခုကိုလည်း လှည့်မကျက်စား။ အတိတ်ကိုလည်း ထွက်မကျက်စားပြီ။

ဘဝင်လေအပူခိုး အတွင်းလေတို့ ထိုးကျင့်မှုအတိုင်း အတွင်းဓာတ်ချင်းတိုက် ခန္ဓာခင်းအတွင်းခိုက် ခိုက်နေရာ အတွင်းစိတ်လည်း စင်းပေးနေရသောနေရာတည်း။

ထိုအချိန်၌ စိတ်သည် သေဒဏ်ကျခံရန် သေချာနေသူ၏ အမူအရာမျိုးသာ။

– လောကဆိုသော ဣဘဝ ဣခန္ဓာကို စိတ်ကပင် ဖန်ဆင်း၏ ။

– လောကဆိုသော လက်ရှိဘဝ လက်ရှိခန္ဓာကို စိတ်ကပင် ဆွဲယူထား၏ ။

ဓမ္မပဒ စိတ္တဝဂ်လာ ဘုရားရှင်၏ ထိုစကားတော်အတိုင်းလျှင် ဘဝနှင့်ခန္ဓာကို ရလာရခြင်းသည်လည်း စိတ်သည်တရားခံ။

– ဣဘဝ ဣခန္ဓာကိုယ်ကြီးအား ဒုက္ခခံကာ လုပ်ကျွေးမွေးမြူနေရခြင်းသည်လည်း ယင်းစိတ်သည်သာ တရားခံ။

– သံသရာတစ်လျှောက် ထက်အောက်စုန်ဆန်ခဲ့ရခြင်းသည်လည်း ယင်းစိတ်သည်သာ တရားခံ။

ထိုမျှ မှုခင်းများလှသောစိတ် ဣဘင်္ဂဌာနတွင်ကား လှဲသိပ်ခံနေရပြီ။

## နတ်တလူစာစဉ်

ထိုဘင်္ဂအုပ်စုမှထ၍ ဘဝနှင့်ခန္ဓာမှ လွတ်လိုမှုဖြင့် ဖြောင့်ချက်ပေးရာ လက္ခဏာများကို ပြန်လည်သုံးသပ်ရာ ဉာဏ်အရာများသို့ ရောက်လျှင်ကား ဆိုင်းငံ့အဖြစ် သို့မဟုတ် အာမခံဖြင့် အပြစ်မှ အချုပ်လွတ်ထုချေလွှာ တင်သွင်းခွင့်ရ တရားခံတစ်ဦးပမာ။

– ကာမပီတိ မဟုတ်သော ပီတိကြောင့် သုခ–သောမနမဟုတ်သော စိတ်လန်းမှုများ ဖြစ်ပေါ်လာကာ ရွှင်သွက်လာပြန်၏။ ဘဝင်မှ အချုပ်လွတ်သောစိတ်တည်း။

လက္ခဏာဉာဏ်များ အမြင်သန်လာပြီး ရှေ့ဆက်ရာ

(က) ဘာနှင့်ပဲတွဲတွဲ နောက်ဆုံးမှာတော့ မမြဲဖြင့် လမ်းခွဲရမှာချည်းပဲ။

( ခ ) ဘာနှင့်ပဲဆက်ဆက် နောက်ဆုံးမှာတော့ အပျက်ဖြင့်ပင် လက်တွဲဖျက်ရမှာချည်းပဲ။

( ဂ ) ဘာနှင့်ပဲမွေ့မွေ့ နောက်ဆုံးမှာတော့ အငွေ့တို့၏အငွေ့ဖြင့်ပင် အချိန်စေ့ပြုရမှာချည်းပဲ။

ဤသို့သော ယတိပြတ်လုံးလုံး ဖြတ်ထုံးကျလာလေသောအခါ

သေဒဏ်ကျခံစေဟူ၍ တစ်ခဲနက်ဟိန်းသံကြီး ပေါ်ထွက်လာသည်နှင့် တစ်ပြိုင်နက် ထိုရာဇဝတ်သား ဘာဆိုဘာကိုမျှ ပြုံးအားမဲ့အားမပြ ခြေလက်တို့လည်း အရုပ်ကြိုးပြတ် ပါးစပ်မှလည်း အဖြူအမဲစကားလုံးများ မကျပမာ

**နတ်တလူစာစဉ်**

– စိတ်သည် ပြင်ပ အာရုံများ၌လည်း ဝမ်းသာ ဝမ်းနည်း မပြ ဥပေက္ခာမျှသာ။

– စိတ်သည် အတွင်းထားအာရုံများ၌လည်း ဝမ်းသာ ဝမ်းနည်း မကျ ဥပေက္ခာမျှသာ။

ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ နှစ်သက်ခြင်း၊ ကြောက်ခြင်း အားလုံးတို့ ကင်းစဲသွားပြီဖြစ်၍...

ထိုစဉ်ကာလ အတွေးပေါ်လျှင် တစ်ဖက်အာရုံရှင်များနှင့် ထိုအာရုံရှင်များနှင့် တွေ့ခွင့်ရခဲ့ရာနေရာများသို့ ထိုစိတ်မသွားရောက်တော့ဘဲ

ရုံတစ်ခါ နှလုံးအိမ်အတွင်းမှာပင်(တွေးလျက်က)ပြီးပြေသည်။

ရုံတစ်ခါ ဘဝင်လေ ဝပ်ကျင်းထဲမှပင်(တွေးလျက်က)ပြီးပြေသည်။

ရုံတစ်ခါ ငယ်ထိပ်ဝမှပင် (တွေးလျက်က) ပြီးပြေသည်။

လက်ဆောင်ရဓာတ်ပုံများလို ထုတ်ပြီးမျက်နှာနှင့်အပ်ကြည့်နေသည့်ပမာမျှသာ။

– သို့ကြောင့် ဤစိတ်များကို အတွင်ပြင်နှစ်ဘက်ရဆိုရသည်။ တစ်ဖန်

– မိမိဖြစ်စဉ် အတွေးဖြင့်ကြည့်လျှင်လည်း မည်သည့်နေရာက ပြပြ၊ နှလုံးအိမ်တွင်းမှသာ လက်ခံသည်။

**နတ်တလူစာစဉ်**

– သူတစ်ပါးတို့ဖြစ်စဉ် အတွေးဖြင့် ကြည့်လျှင်လည်း ထိုနှလုံး အိမ်ဗဟိုပြုု၍ လက်ခံသည်။

ပြီးခဲ့သောဘင်္ဂအုပ်စု၏စိတ်ဖြစ်စဉ်ကား...

တက်စိတ်အားလုံး ကျသွားတော့ပြီဖြစ်၍ ကျစိတ်ဖြင့်အတွင်းခို အိပ်နေခြင်းမျှသာ။

ကိလေသာ သံယောဇဉ်တရား နီဝရဏအတားများသည် စိတ် ကို ပိုင်နက်အဖြစ်ထား သွေး သည်းခြေ လေ သလိပ်များကို လက် နက်အရာထား၍ လူတို့ကို လှည့်ဖြားကာ ခိုင်းစားနေကြ၏။

သတိဦးစီးသော ဗိုလ်အုပ်စုနှင့် ဗောဓိပက္ခိယအသင်းဝင်များ ကလည်း ထိုစိတ်တွင်း ကွင်းဆင်းလျှက်ကပင် ရှင်းလင်းရေး လုပ်ကြရ ချေ၏။

သူတို့နှစ်ခု နယ်လုကြရာတွင်

သတိဦးစီးသော ဗိုလ်အုပ်စုက အနိုင်ရသော် ဤဆိုခဲ့သော အတိုင်း တစ်စစ နယ်သိမ်းပွဲဆင်နွှဲကြကာ နယ်သိမ်းမှ နန်းသိမ်းသို့ ပွဲဆက်ခွင့်ရစေကြမည်။ အကယ်တိတိ အတားဘက်က အားသာပါ မူကား စိတ်ဂယောက်ဂယက်ဖြင့်ပင် ပွဲပျက်စေတော့သည်။

## သွေးဆိပ်များ ကျမကျ ဓမ္မက သက်သေတည်

ဓမ္မ ဟူ သည် ...

သူ့ဆိုင်ရာ ဆိုင်ရာများ၏ သဘာဝလက္ခဏာ သဘော ဓမ္မတာ ပင်ဖြစ်၏။

(က) ကာယ၌လည်း ကာယ၏သဘာဝလက္ခဏာ သဘော ဓမ္မတာ ဟူသည်ရှိ၏။

(ခ) ဝေဒနာ၌လည်း ဝေဒနာ၏သဘာဝလက္ခဏာ သဘော ဓမ္မတာဟူသည်ရှိ၏။

(ဂ) စိတ်၌လည်း စိတ်၏သဘာဝလက္ခဏာ သဘောဓမ္မတာ ဟူသည်ရှိ၏။

စင်စစ်ခန္ဓာသည် သဘောသဘာဝဓမ္မတာများဖြင့် တည်ဆောက်ထားခြင်းတည်း။

**နတ်တလူစာစဉ်**

ထိုဓမ္မဒ္ဒလည်း

အတွင်းကား – ဘင်္ဂအုပ်စုမှပြသော ခန္ဓာတွင်း သဘောထား များတည်း။

အပြင်ကား – အောက်အောက်တို့ကပြသော ခန္ဓာပြင် သဘော ထားများတည်း။

ဘက်စုံကား သဠ်ါရုပေက္ခာမှပြသော မနောတွင်းထား သဘော တရားများတည်း။ တစ်ဖန်လည်း

– ကိုယ်၊ ဝေဒနာ၊ စိတ်တို့၏ သူ့တည်နေဟန်အတိုင်း ပြချက် ကား ခန္ဓာပြင်သဘောထားတည်း။

– ဘဝင်လေပြ စရိုက်သွေးတို့ ထကြွရာမှပြသော အာရုံဆန်း များကား ခန္ဓာတွင်းသဘောထားတည်း။

– မနောတွင်းမှ သဘောရင်းအတိုင်း မြင်သိခွင့်ရသော ပြချက် ကား ဘက်စုံတည်း။

(၁) ထိုတွင် သမထအဖြစ် သမာဓိအခြေတည်စများ၏ ကိုယ်၊ ဝေဒနာ၊ စိတ်သဘောဟူသော စိတ်သွားတတ်ရာ နောက် အမှတ်ဝင်၍ စာရင်းကောက်စဉ်ကာလရှိဓမ္မကား

အငွေ့တိုက်မှဖြစ်သော မြင်အာရုံ ကြားအာရုံ နံ့အာရုံသုံးခု မျှသာ။

ယင်းတို့သည် အတွေ့တိုက်မဟုတ် အငွေ့တိုက် ဖြစ်ချေရကား

အမှတ်မလွတ်တော်ပြီ။ ကိလေသာမဝင်တော်ပြီအဖြစ်ဖြင့် အမှတ်ဝင်ပေးနေရသည်။

အရသာခဲများနှင့် သက်ရှိသက်မဲ့တို့၏ရုပ်ဝတ္ထုခဲများကိုကား အတွေ့တိုက်များဖြစ်နေကြ၍ ကာယတွင်း အတွင်းသွင်း၍မှတ်ရမည်။

ထို မြင်၊ ကြား၊ နံ သုံးခုတို့တွင်လည်း

ထိုင်၍မှတ်ဆဲကာလ ကြားအာရုံတစ်ခုကိုသာ အများအားဖြင့် အားပြုရသည်။ ကျန်သောအချိန်များမှသာ သုံးခုစလုံး အသုံးဝင်၏။ ထိုမှတ်ဝင်ကာလကား အခြေတည်ကာလမှ အမှတ်တက်၍ မှတ်ဉာဏ်ဘက်ထွက်လာသည်အထိ ဖြစ်၏။ သမထမှ ဝိပဿနာ တစ်ဖန်သမာဓိမှ ပညာကူးရာ၏ နယ်ခြားဉာဏ်များဖြစ်သော (နာမ–ပစ္စယ) နှစ်ဆင့် သမာဓိဉာဏ်ပွင့်အထိပင်။

ထိုဉာဏ်များတွင် ဓမ္မ၏သဘာဝပြင်ပမှကျသော ထိုအာရုံသုံးခုမျှလောက်သာ။

(၂) ထိုမှဆက်၍ ဉာဏ်အဆင့်ဆင့်တက်လာရာ၏။ သမ္မသနအရောက်တွင်ကား စိတ်မှဖြစ်သော အစွဲပုံအာရုံဆန်းများဘဝင်လေအကြွ အတွင်းစရိုက်သွေးများ၏ အထအတိုင်းစရိုက်လွန်သမားများ၌ ဒုတိယဓမ္မအဖြစ် ပေါ်လွင်ထင်ရှားလာမည်။ ထိုစဉ်

(က) ရာဂစရိုက်အားကြီးသူများ(ရာဂကျင့်သန်လေသူ

များ)၌ ဆန့်ကျင်ဘက်အသုဘနိမိတ် သို့မဟုတ် ဆန့်ကျင်ဘက် လိင်များ သို့မဟုတ် ကိုယ့်ကိုယ်ကို နှစ်ကိုယ်ခွဲအဖြစ် အသက်ဝင်လှုပ်ရှားလာမည်။

(ခ) ဒေါသစရိုက်အားကြီးသူများ(ဒေါသကျင့် ကျင့်လေသူများ)၌ တန်ပြန်သွေးရဲရဲ သံရဲရဲမြင်ကွင်းများ စိတ်ဝယ်ထိတ်လန့်စရာ ပေါ်ထင်လာမည်။

(ဂ) မောဟ၊ ဝိတက်လွန်သမားများ၌ကား ပုံမကျ ပန်းမကျ ညှိုးတိ ညှိုးခွေ ကျက်သရေမဲ့ယောကျ်ားမိန်းမ ပုံများ ပေါ်လွင်ထင်ရှားလာသည်။

(ဃ) သဒ္ဓါစရိုက်လွန် သမားများ၌ကား အစွဲ၏အငြိသဘာဝဓမ္မတာအတိုင်း ဘုရား၊ ရဟန္တာအချို့ မိမိ၏ ဆရာ၊ အချို့နတ်သမီး နတ်သားများ ပေါ်လွင် ထင်ရှားလာကြသည်။

ဤအမြင်မျိုး ဤဉာဏ်နှင့်အထက် ပဋိသင်္ခါတို့၌ ပို၍အတွေ့များမည်။ အခြားဉာဏ်များ၌ကား တွေ့သော်မှ မထင်ရှား၊ ထင်ရှားသော်မှ ခေတ္တခဏမျှသာ။

ဤအမြင်များကိုကား ဘဝင်လေလှုပ်၊ နှလုံးအိမ်ရုတ်ရုတ်သဲသဲဖြစ်ရာမှ ထကြွလာသော စရိုက်သွေးများ၏ သဘာဝအပြများဖြစ်ကြ၍ အတွင်းဓမ္မအဖြစ် ဤ၌သုံးသည်။

## နတ်တလူစာစဉ်

ပညာစရိုက်ကြီးသူများနှင့် သာမန်စရိုက်ရှင်များ၌ကား ထိုသို့ တွေ့လေ့မရှိတတ်။

(၃) ထိုမှအထက် တွေ့ခွင့်ရသဘာဝများကိုကားဘက်စုံအဖြစ် သုံးထားသည်။ ထိုတွင်လည်း

(က) သမ္မသနဉာဏ် အရင့်ပိုင်းမှ ဥဒယဗ္ဗယဉာဏ်၏ အနုအရင့်သို့တိုင်အောင်သော ဉာဏ်အတွေ့များကို ကား ပြင်ပ၏အတွေ့သဘောတွင်း၌ပင် သွင်းယူ မည်။

(ခ) ဘင်္ဂအုပ်စုဝင် ဉာဏ်အမြင်များကိုကား ဘဝင်လေ နှင့် အတွင်းထားလေများ **ဓီရဏာတေဇော**(ဘဝနှင့် ခန္ဓာကို ရင့်ကျက်ရန် အပူပေးကိရိယာအခိုး) များ၏ ထိုးကျင့်မှုကြောင့်ဝမ်းဗိုက်နှင့်တကွခန္ဓာအိမ်အတွင်း တစ်ခင်းလုံးပျက်စီးနေသော ခန္ဓာ၏အတွင်း ထားသဘောချည်း မြင်တွေ့ခွင့်ရစေ၍ အတွင်း သဘောအဖြစ် သွင်းယူသည်။

(ဂ) ဘဝင်လေဝပ်ကျင်းမထ ဖြစ်သွားရာမှ နှလုံးအိမ်၏ မနောခင်းမှသဘောရင်း မြင်သိခွင့်ရ သင်္ခါရပေက္ခာ ရှိ ဓမ္မများကိုကား

ပြင်ပအာရုံ အဖုံဖုံတို့ကိုလည်း ဖမ်းယူရှုသိနိုင်သော

ကြောင့်လည်းကောင်း။

အတွင်းထားအာရုံ အဖုံဖုံတို့ကိုလည်း ဖမ်းယူရှုသိနိုင်သောကြောင့်လည်းကောင်း၊

ဘယ်အရာမဆို သဘော၏သဘာဝအထိ မိနိုင်ရာဖြစ်နေ၍ဘက်စုံတွင်း သွင်းယူသည်။

ဤ၌ ဘဝင်လေအဓိကထားရာ ခန္ဓာအိမ်ဝမ်းဗိုက်တွင်းဟူ၍လည်းကောင်း၊

နှလုံးသွေး အဓိကထားရာ နှလုံးအိမ် မနောတွင်းဟူ၍လည်းကောင်း၊

အိမ်နှစ်အိမ် ခွဲသုံးထားသည့် အတွင်းနှင့်ဘက်စုံကွဲရန်အတွက်ကို ဝေဒနာ စိတ်နည်းတူ ရည်စူးသည်။

ဤဆိုခဲ့ပြီးကို ထပ်မံရှင်းလင်းရသော်

မြင်၊ ကြား၊ နံ အာရုံငွေ့များကို ဓမ္မအဖြစ် မှတ်ခြင်းကာယ၊ ကာယအတိုင်း၏ သူ့သဘာဝ ပေါ်လွင်ထင်ရှားရန်တည်း။

– အာရုံနိမိတ်ဆန်းများကို ဓမ္မအဖြစ် မှတ်ခြင်းကား စရိုက်ကျဓမ္မပေါ်လွင်ထင်ရှားရန်တည်း။

– အထက်ဉာဏ်များ (သမ္မသနမှအထက်) အပြများကို ဓမ္မအဖြစ် မှတ်ခြင်းကား ခန္ဓာဖြစ်စဉ် သဘာဝပေါ်လွင်ထင်ရှားရန်တည်း။

တစ်ဖန်လည်း ဝိပဿနာတို့၏အောက်အောက်ဉာဏ်များမှပြ

သော ဓမ္မကား ပြင်ပမှပြသော ဓမ္မအဖြစ် ပေါ်လွင်ထင်ရှားရန်တည်း။

– ဘင်္ဂအုပ်စုတွင်းမှပြသော ဓမ္မကား ကာယတွင်းမှပြသော ဓမ္မအဖြစ် ပေါ်လွင်ထင်ရှားရန်တည်း။

– သင်္ခါရုပေက္ခာအုပ်စုတွင်းမှပြသော ဓမ္မကား မနောတွင်းမှ ပြသော ဓမ္မအဖြစ် ပေါ်လွင်ထင်ရှားရန်တည်း။

ဤသည်မှာ အထက်ပါနည်းနှစ်နည်းတို့၏ ရည်ညွှန်းချက်များ တည်း။ တစ်ဖန် ထိုနည်းများ၏အတွင်းမှာ တည်ရှိသော ဓမ္မတို့၏ သူ့သဘော သူ့ဓမ္မတာ ပေါ်လွင်ထင်ရှားလာစေရန်အတွက်

(က) ဓမ္မတို့၏အတုအစစ် ခွဲခြားဝေဖန်ခြင်း။

( ခ ) ထိုဓမ္မတို့၏အတွင်းခံ အကြောင်းရင်းများဖော်ထုတ်ခြင်း။

ဤတာဝန်နှစ်ခု ကျန်ရှိနေသေးသည်။ သို့ကြောင့် ဤခွဲပြရန် အလှည့်ရောက်လာပြီ။

(က) ဓမ္မသုံးမျိုးတို့တွင်

(၁) ကာယမှပြသောဓမ္မ အာရုံတံခါး ထိတွေ့မှုများနှင့် မြင်–ကြား–နံ အငွေ့တိုက်များ.

(၂) သဘာဝကပြသောဓမ္မ ဓမ္မာရုံအဖြစ် မနောတွင်းမှ ပြသော သဘာဝတရားများ

(၃) အစွဲကျက ပြသောဓမ္မ စရိုက်အလိုက် သန်ရာမှ ပြသော အာရုံထင် အမြင်ဆန်းများ

ထိုသို့ သုံးမျိုးရှိရာ

အထက်နှစ်မျိုးတို့ကား အစစ်၊ နောက်ဆုံးကား အတုမျှသာ။

သို့ကြောင့်

ထိုအာရုံပုံထင် အမြင်ဆန်းများပေါ်လာသော် အစွဲဖြင့် စိတ်၌ ငြိမနေစေရန် တကယ်မဟုတ်သဘောပဲဟူ၍ ဆင်ခြင်စိတ်ဖြင့် လက်ဦး မှတ်ချက်ချပေးရ၏။ ထို့နောက်

မြင်အာရုံမျှဖြစ်က ထိုအရာတည့်တည့်စိုက်၍ မြင်မြင်သည် ဖြင့် ဒလစပ် အမှတ်သွင်းပေးရ၏။ ထိုအခါ မှိန်၍သော်လည်းကောင်း ဝေး၍သော်လည်းကောင်း ပျောက်ရ၏။ ရွှေအတု မှတ်တင် မခံရဲသည် ပမာသာ။

တစ်ဖန် ကြားယောင်အထိ အနှောက်ဝင်လာကလည်း အထက် ကအတိုင်း ဆင်ခြင်စိတ်ဖြင့် မှတ်ချက်ပေးပြီး ကြားကြားသည်ဖြင့် ဒလစပ် အမှတ်သွင်းပေးရ၏။ မမြင်ဘူး မူးမြစ်ထင်ပမာ။

ထိုအာရုံဆန်းများအပေါ် စိတ်ဝင်စားနေက မှတ်လျှင်လည်း မပျောက် အခါခါလည်း ရောက်လာနေမည်။

တစ်မျိုးပြီး တစ်မျိုးလည်း တိုးဝင်လာနေမည်။ ကျန်နှစ်မျိုး တို့ကား အစစ်များချည်းဖြစ်ရကား စူးစိုက်အားကောင်းလေ သဲကွဲလေ၊ မှတ်ချက်တင်းလေ အမြင်ရှင်းလေဖြင့် လမ်းမဆုံးမချင်း အတွင်းသိ အစင်းသိများဖြင့် တိုးတက်ကြီးထွားစေသည်။

## နတ်တလူစာစဉ်

ရွှေအစစ် မှတ်တင်ကြည့်လေ ပိုသိရလေပမာသာ။

(ခ) ထိုဓမ္မတို့၏အတွင်း အကြောင်းခံများကား သွေး၊ သည်း ခြေ၊ လေ၊ သလိပ်တို့ပင်။ ထိုစဉ်

အာရုံပုံထင် အမြင်ဆန်းများကားစရိုက်သွေးများထကြွလာရာ မှပေါ်၏။

ယင်းစရိုက်သွေးတို့ ထကြွလာရခြင်းကား

(၁) အနယ်ရှိသော သောက်ရေအိုးကို လှုယ်မည်ပြုရာ အနယ် ကိုပါ ရေကောင်းတို့နောက် ပါစေလိုသဖြင့် မွှေနှောက် ၍ မှောက်ပစ်နည်းပမာ။

ကိလေသာမှန်သမျှ အမြစ်ကစ နှုတ်ပယ်ပစ်လိုသော သတိ သည် ဇွဲစပ်အား စူးစိုက်အားများ အလုံးအရင်းဖြင့် သုံး၍ ခန္ဓာခွင် မှတ်ဝင်နေခြင်းကြောင့် စရိုက်သွေးများ ထကြွလာရခြင်း ဖြစ်၏။ ဤကား ပထမအကြောင်းရင်းတည်း။

(၂) တစ်ဖန် သမထမှ ဝိပဿနာကူးရာ သမာဓိမှ ပညာ ကူးရာ ဉာဏ်စခန်းသည် (သမ္မာသနဉာဏ်သည်) အသွင် မတူရာ(အအေးမှအပူ အတည်မှအလှုပ်) ချင်း ကူးခတ် ရသောနေရာဖြစ်သဖြင့် စိတ်အထိုင်မကျတတ်။ သို့ ကြောင့် ဘဝင်လေများ အထက်သို့တက်ဖိ နှလုံးသွေး ကလိရာမှလည်း ယင်းအာရုံထင် အမြင်ပုံဆန်းများ ပေါ်

ထင်လာရ၏။ ဤကား ဒုတိယအကြောင်းရင်းတည်း။

ဓမ္မအစစ်၏ပေါ်ထင်လာရခြင်းအကြောင်းကား

တကာယ်အရှိ အတည့်သိလိုသောသတိ၏ထိုးထွင်းအားကြောင့် ပင်ဖြစ်၏။ ပညတ်သိ၊ သညာသိဟူသော မရှိအသိများကို ဖယ်ထုတ်ရာမှပင် ထိုဓမ္မအစစ် ပွင့်သစ်ရ၏။

ထိုဓမ္မများကား ဉာဏ်အဆင့်တို့ကို သုံးပိုင်းပိုင်းဝေ၍ခွဲရာ၌ ပါဝင်သော ဓမ္မများပင်တည်း။ ထိုတွင် ခန္ဓာပြင်ပမှပြသော ကာယ၊ ဝေဒနာ၊ စိတ္တတို့၏ သဘောနှင့်သဘာဝများသည် သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ ချောက်ချားဆဲကာလဖြစ်ခြင်းကြောင့် ကြမ်း၏။ တစ်ဖန် ပြင်ပအာရုံတို့နှင့် ပက်ပင်းတွေ့ တွေ့ရာမှပြသော သဘာဝများ ဖြစ်နေခြင်းကြောင့်လည်း ကြမ်း၏။

– ပြင်ပအာရုံနှင့် မိမိခန္ဓာတို့ ခတ်တည့်သောအခါ သုခဝေဒနာနှင့် ချမ်းသာစိတ်ပေါ်၏။

– ပြင်ပအာရုံနှင့် မိမိခန္ဓာတို့ ခတ်မတည့်သောအခါ ဒုက္ခဝေဒနာနှင့် ဆင်းရဲစိတ်ပေါ်၏။

– ပြင်ပအာရုံနှင့် မိမိခန္ဓာတို့ ခတ်တည့်မတည့်မမိသော အခါ ဥပေက္ခာဝေဒနာနှင့် ဖာသိဖာသာစိတ်ပေါ်၏။

သွေးတို့သည်ကား ဆိုးစရိုက်တို့၏ အထိုးအကျင့်ထန်ဆဲဖြစ်နေခြင်းကြောင့် အပူလွန်ခြင်း၊ သွေးတိုးကြမ်းခြင်း၊ နောက်ကျူခြင်း

များဖြင့် (ပိန်းပိန်းပိတ်အရောင် ထနေချေရာ ဓမ္မ၏သဘာဝဆိုသော အရာကား ပေါ်လွင်ထင်ရှားကြလေဦးမည် မဟုတ်သေး)

– ဤ၌ ကာယ၏လှုပ်ရှားနေခြင်းကိုလျှင် ဓမ္မအဖြစ် သုံးသပ်နေရဦးမည်။

– ကျန်ဝေဒနာ၏ခံသာခြင်း၊ မခံသာခြင်းကိုလျှင် ဓမ္မအဖြစ် သုံးသပ်နေဦးမည်။

– ဤ၌ စိတ်၏ရွှင်ခြင်း ညှိုးခြင်းကိုလျှင် ဓမ္မအဖြစ် သုံးသပ်နေရဦးမည်။

ဓမ္မတို့၏ ဓမ္မအတွင်းကျကျ သိခွင့်ရလိုလျှင် စရိုက်သွေးများကို ပြုပြင်ပေးရပေတော့မည်။

တစ်ဖန် စရိုက်သွေးများ ပြောင်းလဲသွားစေလိုလျှင် အစွဲဉာဉ်များကို ပြုပြင်ပေးရမည်။

တစ်ဖန် ထိုအစွဲဉာဉ်များက ကင်းစင်စေလိုလျှင်ကား အမှတ်စဉ် တွင်တွင်ဝင်ပေးဖို့သာ ရှိချေသည်။

ဤ၌ ပြုပြင်ဟူသော စကားလုံးသုံးခြင်းသည် လောကီရဓမ္မဖြစ်နေခြင်းကြောင့် ဖြစ်၏။ တကယ်အားထုတ်ရာ၌ကား

သွေးကိုလည်း တမင်သွားရောက် ပြုပြင်ပေးနေစရာမလို။ အမှတ်ဝင်နေရုံဖြင့် ပြီးသည်။

စရိုက်စွဲဉာဉ်များကိုလည်း တမင်သွားရောက်ပြင်ဖို့မလို။ မိမိ

အလုပ် မိမိလုပ်နေရုံဖြင့် ပြီးသည်။ သတိက အလုပ်သုံးမျိုးလုပ်၍ အစွမ်းသုံးမျိုးပြကြောင်း နောက်ကဆိုခဲ့ပြီးပြီ။

စင်စစ် သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့၏အတွင်း သူပုန်ထ၍ ခန္ဓာအားထိုးကျင့်နေခြင်းများသည် စိတ်အာရုံယူမမှန်ခြင်းသည် အဓိကဖြစ်၏။ တိရစ္ဆာန်ဘဝပေါင်းများစွာနှင့် အပါယ်ခွင်တွင်းချည်းဆင်းနေခဲ့ရသော ထိုစိတ် သူသွားတတ်ရာ သွား၍ သူသိတတ်ရာလောက် သိသိနေခြင်းသည် ဓမ္မတာပင်ဖြစ်၏။ သို့ကြောင့်

ထိုစွဲစိတ်ကို ဉာဏ်မှတ်စိတ်ဖြင့် တွဲယှဉ်ကာ လမ်းသွားသင်ရသည်။ ထိုစိတ်လမ်းမှန်ပေါ်သွားတတ်လာတတ် လာပါမူကား ခန္ဓာခွင်၏အတွင်းကျ အပြင်ကျသဘာဝထားများကား

သည်းခြေငြိမ် ငြိမ်သလောက် ပေါ်လွင်ထင်ရှားလာတော့အံ့။

သွေးလေငြိမ် ငြိမ်သလောက် ပေါ်လွင်ထင်ရှားလာတော့အံ့။

သလိပ်ပါး ပါးသလောက် ပေါ်လွင်ထင်ရှားလာတော့အံ့။

ထိုပေါ်လွင်ထင်ရှားလာခြင်းများ၌လည်း

သတိသွားရာ အတားလာထုံးအတိုင်း

သတိကျက်စားရာ အနုပဿနာ လေးချက်စလုံးတို့၌ပင် ထိုသွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ကို လက်နက်အရာထား၍ တားဆီးခုခံနေကြသော အတားကိလေသာများ ခြေကုပ်ယူထားပြီးဖြစ်ရာ သတိထိုးဖောက်အား ကောင်းသလောက်သာ ပေါ်လွင်သာ ထင်ရှား

သာမည်။ သို့ကြောင့်

ဝိပဿနာတို့၏အောက်ပိုင်း ဉာဏ်အမြင်များတွင် ဒုက္ခ၊ သုက္ခ တို့အကြားမှ ဖြဲကြည့်ကြည့်ရသောကြောင့်လည်းကောင်း၊ အရှင်အမဲ့ တို့အထဲမှ ခွဲကြည့်ကြည့်ရသောကြောင့်လည်းကောင်း၊ သွေးနောက် သည်းခြေနောက်တို့အောက် ဖောက်ကြည့် ကြည့်ရသောကြောင့် လည်းကောင်း သင့်ရုံမျှသာ ဓမ္မဆိုသောအရာ ပေါ်လွင်ထင်ရှားခွင့် သာဦးမည်။

အားထုတ်စ ယောဂီ၏စိတ်တွင်

– တရားသိလိုဖြစ်လိုသော ဆန္ဒအတားက အစစွာဝင်ခွင့် ပြီးသားဖြစ်နေပြီ။

– ထင်သလို ဖြစ်မလာသောအခါ မကျေချမ်းစိတ် ဗျာပါဒ အတားလည်း ဆင့်လာနေချေပြီ။

ယင်းတို့ကို သတိကနိုင်နင်းစွာ မှတ်တင်မပေးနိုင်ခဲ့ပါသော်

သွေးပူ လေပူတို့အထိုးအကျင့် ကိုယ်ခန္ဓာကြီးနှင့်နေအောင် ခံစားရပြီးဖြစ်ခြင်းကြောင့်

– ထိုင်းမှိုင်းပျင်းရိခြင်း၊ တတိယအတားလည်း ဝင်ရောက် လာဦးတော့မည်။

– စိတ်ပျံ့စိတ်ပူထန်ခြင်း စတုတ္ထအတားလည်း ဝင်ရောက်လာ ဦးတော့မည်။

**နတ်တလူစာစဉ်**

– ရှေ့ဆက်သင့် မဆက်သင့် ဒွိဟပေါ်လာခြင်း နောက်ဆုံး အတားလည်း ဝင်ရောက်လာဦးတော့မည်။

သို့ဖြစ်ရာ သွေးများကား မဲရုံမျှမက မှောင်တက်လာချေပြီ။ လေများလည်း ပုံကြမ်းထက်ကြမ်း မုန်တိုင်းအရာ ဝင်လာချေပြီ။ သည်းခြေများလည်း အပူလွန်မငြိမ်မသက်ဖြင့် ကိုယ်ကျန္ဒြေပျက်သည် အထိ အတား၏အဖိခံနေရချေပြီ။

ထိုအခါ ခေါင်းအေးခြင်း စိတ်အထိုင်ကျခြင်းတို့ကို ဦးစွာ ထူထောင်ရန် သတိသည် အပြင်က စေ့စပ်အား အတွင်းက အောက် မေ့အား နှစ်ပါးကို တွင်တွင်သုံး၍

ထိုစွဲစိတ် တွေးခြင်း ပြေးခြင်း တွေခြင်းဖြင့် ခုန်ထွက်မသွား စေရန် ကြိုးစားရ၏။

ရှုကွက်ဟူသော ချည်တိုင်တွင် သတိဖြင့်မြဲစွာဖွဲ့ချည်ပေးထားရ ၏။

– မမေ့သောသတိတို့ဖြင့် တစ်လွန်းတင် တွင်တွင်ကျစ်၍ တုတ်ရသည်။

– မလျော့သောသတိတို့ဖြင့် နှစ်လွန်းတင် တွင်တွင်ကျစ်၍ တုတ်ရသည်။

– မပေါ့သောသတိတို့ဖြင့် သုံးလွန်းတင် တွင်တွင်ကျစ်၍ တုတ်ရသည်။

## နတ်တလူစာစဉ်

– မဆသောသတိတို့ဖြင့် လေးလွန်းတင် တွင်တွင်ကျစ်၍ တုတ်ရသည်။

ထိုလေးလွန်း တစ်လွန်းပြတ် တစ်ပါတ်စိတ်ထွက်အံ့။ တစ်ခါ စိတ်ထွက် သွေးမဲလည်း တစ်ခါပွက်အံ့။ သွေးမဲတို့ တစ်ခါပွက် သည်းခြေလည်း မငြိမ်သက် စွဲစိတ်လည်း ပိုကလက်ပင်။

ထိုလေးလွန်းတို့ ကျစ်လစ်ခိုင်မာလာပါသော်

သတိကို မှီခိုနေရသောအသိသည် သူ၏အစာဖြစ်သော သတိ သတ္တိအားကို ဝလင်စွာ စားသုံးခွင့်ရလာသောကြောင့် ကြီးထွားလည်း ကြီးထွားလာမည်။ ရင့်ကျက်လည်း ရင့်ကျက်လာပြီ။ သတိထက်လေ အသိရင့်ကျက်လေ။ အသိသွက်လေ အတားပျက်လေ ဖြစ်လာမည်။ သွေးများလည်း သတိထက်လေ သွေးသန့်ထွက်လေ အသိသွက်လေ သွေးသွက်လေ ဖြစ်လာမည်။

သို့ကြောင့် ထိုယောဂီ၌

ပျံ့ရာမှဖြစ်သော ပူသိအစား တည်ရာမှအေးသောအသိဖြင့် သမာဓိဉာဏ်များ ထွန်းကားလာ၏။

ထိုသမာဓိဉာဏ် ရင့်ကျက်လာသော် ဓမ္မဟူသော သဘောသံ များ ပွင့်ထွက်လာရတော့၏။

ကာယနယ်တွင်း သတိ၊ အသိတို့ ကွင်းဆင်းမိနေသော်

ထိသိရုပ်နာမ် နှစ်ပါးတို့ဖြင့် တခြားစီ အလုပ်လုပ်နေပုံများကို

တွေ့သိခွင့်ရလာ၏။

(၁) ရုပ်သည် လှုပ်ရှားပြနေရုံမျှသဘောဟူသောဓမ္မရှုကွက်က ပြနေ၏။

နာမ်သည် လှုပ်ရှားကြည့် သိနေရုံမျှသဘောဟူသော ဓမ္မရှုကွက်က ပြနေ၏။

ထိုအဆင့်ရှိ ဓမ္မ၏မြင်ကွင်းသည် စွဲစိတ်တစ်ချက်အပျောက် သွေးကြည်တစ်စက် အရောက်လောက်အတွင်း ထွင်းသိခဏမျှ သိခွင့်ရသေး၍ မသိမ်မွေ့။

ထို့ထက် သတိထိုးဖောက်အားကောင်းလာသဖြင့် စွဲစိတ်ကြမ်းခွင့်မရခြင်း၊ သွေးလေတို့လည်း အလှုပ်အရမ်း အနည်းငယ်သက်သာလာခြင်း၊ သည်းခြေလည်း အပူအနည်းငယ်မျှသက်သာလာခြင်း သလိပ်များလည်း ကွဲစပြိုလာခြင်းပါ ဆက်တိုက်ဖြစ်ပွားလာသော် ရုပ်နာမ်တို့၏ ဓမ္မသည်

(၂) ထိရုံ သိရုံမျှမဟုတ်။ အပေးအယူလည်း လုပ်နေသည်။ ဤမျှအထိ မြင်သိခွင့်ရလာ၏။ ထိုနှင့်တစ်ဆက်တည်း သတ္တဝါတို့ကို ထာဝရဘုရားက ဖန်ဆင်းထားခြင်း မဟုတ်။ စင်စစ် ရုပ်နာမ်တို့ အပေးအယူလုပ်ကာ ကံပြုထားရာမှာချည်း ဖြစ်လာရသည်။

ဤအသိ ဤအမြင်များ ပါ ဆင်ခြင်သိဖြင့် သိခွင့်ရလာစေ၏။

## နတ်တလူစာစဉ်

ထိုမှတက်၍ သတိ အသိတို့ တိုးတက်လာချေသော်

(၃) ထိသိတို့ အပေးအယူလုပ်နေရုံမျှဖြင့်မရပ်။

ထိလျက် သိလျက် ထိုသို့အပေးအယူလုပ်နေကြလျှက်ကပင်...

– အတွဲလိုက် အတွဲလိုက် ပျက်၍ချည်း ကျသွားသောသဘော ပေါ်လောပေါ်နေ၏။ မည်သည့်ဘက်ကြည့်ကြည့် လက်မိလက်ရမရှိ ဟူသော သဘော ပေါ်လောပေါ်လာစေ၏။

ဤနေရာအထိ

ကာယ၌ ဒုက္ခဝေဒနာ စိတ်၌ဒေါမနဝေဒနာများလည်းသဘော သတ္တိအဖြစ် ပေါ်လာပြလာချေဦးမည်။ သို့ကြောင့် စိတ်သည်လည်း ဆင်းရဲခြင်း နှလုံးမသာယာခြင်းများဖြင့် သဘောသတ္တိပြနေမည်။

ထိုမှထွက်၍ အထက်တက်ခွင့်သာလာသော်

ထိုထိသိ ရုပ်နာမ်တို့၏ သဘောထားကား သူတို့သဘော သူတို့လက္ခဏာ ထင်စွာပြရုံဖြင့် သူတို့ခရီး မပြီးစီးသေး။

ထိုသဘာဝလက္ခဏာပြလျက်မှာပင်

ရုပ်သည်လည်း တောင်ကျရေစီးကြောင်းထဲမှ ရေလုံးရိုက်များ ပမာ ဖြစ်သလောက်ပျက် ပျက်သလောက် နောက်ကလိုက်ဆက်တို့ ဖြင့် အဆင့်ဆင့်ကျနေသည့်သဘော မြင်လာ၏။

ဤနေရာတွင်ကား ဤ၌ သုခစိတ်၌ သောမနများလည်း ပေါ်လာချေရာ ချမ်းသာစိတ် ဝမ်းသာစိတ်တို့ဖြင့် ကိုယ်တွေ့ကို ခံစား

ခွင့်ရနေချိန်တည်း။

ဤသို့ဆိုခဲ့ပြီး ဉာဏ်လေးဆင့်တို့၏ သဘာဝဓမ္မတို့ကို လေ့လာသော် စရိုက်များ တစ်ဆင့်ထက်တစ်ဆင့် နူးညံ့သိမ်မွေ့လာနေသည်ကို တွေ့ရမည်။ ထိုသို့ စရိုက်များ အဆင့်ဆင့် သိမ်မွေ့လာနေခြင်းသည် သူမှီသော အတွင်းနေ သွေးများ အဆင့်ဆင့် နူးညံ့လာသောသဘောကြောင့်ဆိုသည်ကို သိသင့်ရာ၏။

သတိ အသိတို့ ရင့်ကျက်ခြင်းသည် သွေး သည်းခြေတို့ကို အေးစေ၏။

သွေး သည်းခြေတို့ အေးဆေးငြိမ်သက်ခြင်းသည်စရိုက်ကောင်းကို ဖြစ်စေ၏။

သို့ကြောင့် ထိုဉာဏ်များအထိ အဆင့်တက်ပြီးသော ယောဂီသည်

– ခန္ဓာအိမ်ပြင်ပကာယ၏ ဖောက်ပြန်ခြင်းသဘောကို ရိပ်မိလာ၏။

– ခန္ဓာအိမ်ပြင်ပ၌ ပေါ်သောဝေဒနာ၏ ခံစားနေခြင်းသဘောကို ရိပ်မိလာ၏။

ခန္ဓာအိမ်ပြင်ပ၌ပေါ်သော စိတ်၏ အသိပေးခြင်းသဘောကို ရိပ်မိလာ၏။

သရက်သီး သရက်သီးအတိုင်း အလုံးလိုက်သိထက် ပိုလာ

၏။ ထိုသရက်သီးအား ကောက်ကိုင်ကြည့်ရာမှပေါ်သော အတွေ့သိ သဘောအထိ အသိတက်လာ၏။

– ဤသည်ပင် ပြင်ပကာယမှပြသော သဘာဝဓမ္မတည်း။

– ဤသည်ပင် ပြင်ပဝေဒနာများမှပြသော သဘာဝဓမ္မများ တည်း။

– ဤသည်ပင် ပြင်ပသိစိတ်များပြသော သဘာဝဓမ္မများ တည်း။

ဓမ္မသည် သဘောကိုဆိုလို၏။

သဘောသည်ကား သတ္တိကို ဆိုလို၏။ သို့ကြောင့်

ပြင်ပအရှိ ထိခွင့်ရရာမှတွေ့လာသော ထိုသဘောသည် ထိုပြင်ပ ၏ သတ္တိပြများပင်ဖြစ်ရာ ဗဟိဒ္ဓါ ဓမ္မာဟူသော တရားတော်၏အရာ ကား စာရင်းဝင်သွားလေပြီ။

ဤကားအောက်ဉာဏ်များကပြောသော ခန္ဓာ၏သဘောထား တည်း။

ထိုမှထွက်ခဲ့၍ ဘင်္ဂအုပ်စုဘက် ဉာဏ်ခရီးဆက်လာသော်

ပြင်ပအခုအခံလေများ (ဘဝင်လေနှင့်အတွင်းထမာန်များ) တရားတော်အပေါ် နှစ်လိုအားရ သဘောကျလာသောစိတ်ကြောင့် ကျသွားချေရာ သတိ အသိတို့ ခန္ဓာအိမ်အတွင်းပိုင်း၏သဘောကို လေ့လာခွင့်ရသွားပြီ။

**နတ်တလူစာစဉ်**

ပညတ်ငုတ်မှ ပရမတ်ပေါ်သည်။

ပညတ်ပေါ်နေသမျှ ပရမတ် ငုတ်မြဲ ငုတ်နေမည်။

ဤဘင်္ဂအုပ်စုသည် ခန္ဓာ၏သဏ္ဍာန်ချပ် ပညတ်များ ပုတ်စေ၍ ပရမတ်ဖော်ထုတ်ပေးရာ အပိုင်းဖြစ်၏။ ခန္ဓာအိမ်၏အတွင်း သတိအသိတို့ချဉ်းနင်းဝင်ရောက်လာရာမှ တွေ့သိရသော ရုပ်တို့၏ တကယ့် သဘာဝအတွင်းကျကျ သိခွင့်ရဖြစ်နေခြင်းကြောင့် ပြင်ပကာယတုန်းကကဲ့သို့အင်္ဂါခြေလက်များ(ပညတ်တင်စရာများ)မပါတော့ပြီ။

– ပြင်ပကာယတုန်းကကဲ့သို့ ပြင်ပအာရုံတိုက်များနှင့် တွေ့တွေ့ဆိုင်ဆိုင် ယှဉ်ပြိုင်နေသော ကာယဖြစ်စဉ်မျိုး မဟုတ်တော့၍လည်း၊ အင်္ဂါခြေလက်များနှင့် အတွေ့ကြမ်း ရုပ်နာမ်ဖြစ်စဉ်များ မပါတော့ပြီ။

သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ အတိုးကြမ်းဆဲကာလဖြစ်သော ပြင်ကကာယတုန်းကကဲ့သို့ အတွင်းထား ခန္ဓာများကလည်း မကြမ်းလာတော့၍ တွေ့သိလာရသမျှ ကိုယ်ဝေဒနာစိတ်သဘောထားများ ကြမ်းကြမ်းတမ်းတမ်း မဟုတ်ပြီ။

ထိုအားလုံးတို့မှ ပြောင်းပြန်ဖြစ်သော

အတွင်းခန္ဓာအိမ်(ဝမ်းဗိုက်နှင့်အတွင်းသားများ)၏ ပြချက်များသည်

– လုပ်ယူမှ ပေါ်ခွင့်ရသော အဖြစ်ဟူသည်လည်း ပေါ်မလာ။

– သတိစိုက်နိုင်လွန်းမှသာ သိခွင့်ရသော ပျက်စဉ်များလည်း မဟုတ်လေဘဲ။

သူ့သဘာဝ သူ့ဖာသာသူ လှန်ပြနေသော ခန္ဓာအိမ်ပျက်စဉ်များကိုသာရုပ်သည်ဖောက်ပြန်နေသောသဘောဆိုတာဒါပဲပြောနေဘိအလား တွေ့သိခွင့်ရလာစေသည်။

ထိုအတွေ့အသိများ၌လည်း

– ဘင်္ဂ၏အပျက်ထက် ခယပျက်က ပို၍သိမ်မွေ့မည်။

– ခယပျက်ထက် အာဒိနဝပျက်က ပို၍သိမ်မွေ့မည်။

– အာဒိနဝပျက်ထက်လည်း နိဗ္ဗိန္ဒပျက်က ပို၍ပို၍သိမ်မွေ့မည်။

ဝါတို့ကို စက်ထဲသို့ထည့်သွင်းကာ ဖတ်ရာ၌ စက်ပတ်ရေအလည်ကြာလေ ထိုဝါများ ပို၍နူးညံ့လာလေဖြစ်ကာ နောက်ဆုံးဂွမ်းအရာဝင်သွားသည့်ပမာ

– ထိုပြချက်တို့ နုလာခြင်းသည် သတိအသိတို့ ရင့်လာ၍၊

– သတိ အသိတို့ရင့်လာခြင်းသည် သွေးနှင့်အတားများ ပါးသွား၍၊

ထိုသို့ အတွင်းခန္ဓာအိမ်က ရုပ်တို့၏ဖောက်ပြန်ပုံကို သဘောမှသဘာဝတိုင်အောင် ပြသနေစဉ်အတွင်းဝေဒနာများလည်းသဘော၏သဘာဝကိုသာ ပြမည်။ စိတ်လည်း နည်းတူပင်။ သို့ကြောင့်

– ကာယသည် ပြင်ပအထိအတွေ့မပါဘဲ ဖောက်ပြန်ပြနေမည်။

– ဝေဒနာသည်လည်း အာရုံမယူဘဲ ခံစားပြနေမည်။

– စိတ်သည်လည်း အစွဲမထားဘဲ သိသိပြနေမည်။

ဝေဒနာသည် ဆုတ်နစ်သောဒေါသအရာဝင် ထိတ်လန့်သော သံဝေဂသာ ဖြစ်ပွားနေတော့သဖြင့် သုခ၊ ဒုက္ခ၊ သောမန ဒေါမနတို့မှလည်း အလွတ် ဥပေက္ခာလည်းမဟုတ်သေး။ စိတ်သည်လည်း အကောင်းအဆိုးတို့မှလည်း အလွတ်အမြောက်လည်း မဟုတ်ချေသေး။ သို့ကြောင့် အာရုံမယူ အစွဲမထားဟူ၍ သမုတ်သည်။

– ဤသည်ပင် အလယ်ပိုင်းက ပြောပြနေသော ကာယ၏ သဘောထားတည်း။

– ဤသည်ပင် အလယ်ပိုင်းက ပြောပြနေသော ဝေဒနာ၏ သဘောထားတည်း။

– ဤသည်ပင် အလယ်ပိုင်းက ပြောပြနေသော စိတ်၏ သဘောထားတည်း။

ဤအပိုင်းသည် စရိုက်သွေးများ မြှုပ်ရာအပိုင်း

ထိုမှရှေ့ဆက်၍ သတိအသိတို့ ရင့်ကျက်အားဖြင့် ခရီးထွက်လာသော် စရိုက်ကြောင့်ဖြစ်ရသော သွေးပူသွေးဆူများ မထကြွတော့သောကြောင့် အစွဲအားပျက် သည်းခြေများပို၍ အေးဆေးငြိမ်သက်

လာ၏။ ဘဝင်လေလည်း ဝပ်ကျင်းမှပင် မထဖြစ်တော့ သလိပ်များလည်း သွက်လက်ကျဲပါးနေ၏။ သို့ကြောင့်

– ခန္ဓာဖြစ်စဉ်သည် သူ့ပင်ကိုသဘာဝအတိုင်းသာ လှုပ်ရှားပြနေပါသည်။

– ခန္ဓာဖြစ်စဉ်သည် သူ့ရှိခဲတတ်သဘာဝတို့အတိုင်းသာ အသက် ဝင်ပြနေပါသည်။

ယင်းကား နှလုံးသွေးနှင့်တကွ လည်ပတ်သွေးတို့ လှုပ်ရှားမှုအတိုင်း အသက်ဝင်နေခြင်းပင်တည်း။

မနော၏ကြည်လင်တောက်ပမှုအတိုင်း ခန္ဓာ့ဖြစ်စဉ်အားလုံး ကြည်လင်တောက်ပနေခြင်းပင်တည်း။

ထိုအထက်ဉာဏ်(သင်္ခါရုပေက္ခာဉာဏ်)များတွင်

စရိုက်ဆိုးအားလုံး အတားအားလုံး စုန်းစုန်းမြုပ်သွားသောကြောင့်လည်းကောင်း၊

နှလုံးအိမ်မှတစ်ဆင့် သိခွင့်ရလာသော ဖြစ်စဉ်သည် အလွန်နူးညံ့နေသောကြောင့်လည်းကောင်း၊

ဓမ္မ၏သဘောမျှဟူသော သဘာဝဓမ္မတာသည် ပို၍ထင်ရှားလာ၏။

**ဓမ္မာ နိသတ္တာ နိဇီဝ သဘာဝါ**

ဓမ္မမည်သည် သတ္တဝါကိုခေါ်သည်မဟုတ်။ အတ္တ၊ အသက်၊

လိပ်ပြာ၊ ဝိညာဉ်ကောင်ဆိုသည်ကို ခေါ်သည်မဟုတ်။ သဘောမျှသာကိုခေါ်သည်ဟူသော စကားတော်များနှင့်အညီပင်။ သို့ကြောင့်

ဤအဆင့်ရောက်သူသည် ဓမ္မကိုသိလာ၍ ဓမ္မအရှာမထွက်တော့။

ယခင်ဓမ္မမသိခင် အောက်အောက်အဆင့်များ ဆရာသမားစကား နားဖြင့်ကြားရစဉ်တုန်းက ဓမ္မမသိ၍ ဓမ္မရှာရ၏။ ဓမ္မကားရှာလေမတွေ့လေမျိုး ဓမ္မကို သိလိုမြင်လိုလေ စရိုက်သွေးဆိုး အတိုးခံရလေ။

တစ်ဖန် စရိုက်သွေးဆိုး အထိုးခံရလေ ဓမ္မသဘင် ပိုမမြင်လေမျိုးဖြစ်နေ၍

ယောက်မကြီးခါးထိုးရှာနေသော မာတင်္ဂနှင့်နေရာတူ ဖြစ်နေခဲ့၏။

စလောင်းဖုံးကြီး ခေါင်းပေါ်တင်ရှာနေသော မာတင်္ဂအဆင့်မျိုးပင်ဖြစ်ခဲ့၏။

တစ်ဖန် ကျင့်၊ တည်၊ သိဟူသော သိက္ခာသုံးဆင့် မြင့်ထက်မြင့် ရင့်ထက်ရင့် ကိုယ့်အလုပ်ကိုယ် ရဲတင်းလုပ်ရမည့်အစား ကျင့်၏ တည်၏ သို့သော် အသိကား ရလိုစိတ် မျှော်စိတ်နှင့် သလိပ်တို့ ပိတ်ဆို့ခံနေရခြင်းကြောင့် သိလျက်နှင့်မသိ။ ပြလျက်နှင့်မကြည့်၊ ပြသောအရှိ အတည့်မထင်မိ။ သို့ကြောင့် သီလ၊ သမာဓိဟူသော

ဖိုခနောက်နှစ်လုံးတည်းဖြင့် ထမင်းအိုးတည်နေသူ မာတင်္ဂအရာဝင်၏။ သိက္ခာပြည့်မလုပ်ဘဲ စိတ်ဖြင့်တောင့်တနေခြင်းကပင် မာတင်္ဂဖြစ်နေ၏။

ဓမ္မကား ပညတ်မဟုတ် ပရမတ်အရာသာ။

ဓမ္မကား သည်းခြေသုံးသညာဖြင့်မသိ။ သတိသုံး ပညာဖြင့်ကြည့်မှသာ။

ဤသို့သဘောပေါက်(သဘာဝသို့စိတ်ခရီးပေါက်ရောက်)လာပြီဖြစ်သော ဤအဆင့်တွင်ကား ယင်းဓမ္မသည် မိမိလက်ကြားမှာပင်ရှိ၏။ မိမိနှင့်အတူသာလျှင် ဖြစ်၏။

မျက်စိဖြင့် သူ့အဆင်း ချင်းချင်းတွေ့မိကြသောအခါ မျက်စိက ကြည့်သဘောကိုပြ၍ အဆင်းက ပြသဘောကိုပြနေ၏။ အပြန်အလှန်မရှိ နားနှင့်အသံ ဆက်ဆံကြပြန်လည်း နားက ကြားသဘောကိုပြ၏။ အသံက တိုက်သဘောကို ပြနေ၏။ အပြန်အလှန်မရှိ။

သည့်အတူ နှာနှင့်အနံ့၊ အရသာနှင့်လျှာ၊ ကိုယ်နှင့်အတွေ့၊ အငွေ့ပေးများနှင့်လည်း အတွေးတို့လည်း သူ့သဘောသူပြောလျက်က ချည်းသာ။

သည့်အတူပင်လျှင်

လူမိုက်သည် သူ့ရှိမိုက်သတ္တိကို ဓမ္မအဖြစ်ဖြင့် ဟောဖော်ပြနေချေ၏။

လူလိမ္မာသည်လည်း ထိုနည်းငှင်းပင် ဖြစ်ချေ၏။ စင်စစ်

ဂုဏ်သတ္တိမျှရှိသော ထိုမိုက်ဂုဏ် ကောင်းဂုဏ်များသည် ထိုလူများ၏ ကိုယ်စိတ်တို့အတွင်း ဓားဖြင့်ခွဲ၍ မွှေနှောက်ကြည့်က အစိုင်အခဲ မဲ့နေရာမဲ့ ဖြစ်နေခြင်းကြောင့် ထိုလူများ၏ ကိုယ်စိတ်တို့ အတွင်း ဓားဖြင့်ခွဲ၍ မွှေနှောက်ကြည့်က အစိုင်အခဲမဲ့ နေရာမဲ့ဖြစ်နေခြင်းကြောင့် လျှာဖြင့်တို့ကြည့်မှသာ စပ်သတ္တိပေါ်လာသော ငရုတ်သီးကို ဓာတ်ခွဲမှုူးသည် သူ့ဓာတ်ခွဲခန်းထဲသွင်း၍ ရှာဖွေနေသည်ပမာ။

ဘာမျှမရှိ သဘောမျှဆိုသည်ပင် ဓမ္မ၏ဓမ္မ ဓမ္မ၏ဥပဒေသတည်း။

သို့ကြောင့် ဓမ္မအကြောင်း ကောင်းကောင်းသိလာလျှင် ဓမ္မရှာစရာမလိုတော့ပြီ။

သို့ကြောင့် ဓမ္မကား ရှာဖို့ထက် သိဖို့အရေးကြီးရာ သိဖို့ သာကြိုးစားရတော့မည်။

ထိုသိဖို့ကား သတိမှတစ်ပါး အားကိုးရာ သူ့မှာမရှိပြီ။

ထိုသိဖို့ကား အကင်းအညှာပါမှတပါး... အခြားဖြင့်မသိနိုင်ရာပြီ။

ယခုကား ဝိပဿနာတို့၏ အထက်ပိုင်းဉာဏ်များသို့ အသိဝင်ဆံ့ခွင့်ရလာသဖြင့် လောကီဓမ္မတာ အရာရာတို့သဘော နောကြေအောင် သိခွင့်ရနေပြီ။ မကြည့်တော့လေ ပြလေဖြစ်လာပြီ။ မလိုချင်

တော့လေ ရလေဖြစ်လာပြီ။

သဘောသိသွားသော ထိုအသိဉာဏ်ရှင် ဘယ်အာရုံပုံရိပ်နှင့် ထိထိ မိပြီပြည့်ပြီဟူ၍ အလျင်းမရှိသောကြောင့် အကောင်းဆိုလည်း စိတ်လိုက်မာန်ပါမဖြူ ဥပေက္ခာရှုလိုက်ပြီ။ အဆိုးပါဆိုလည်း စိတ်လိုက်မာန်ပါမဖြူ ဥပေက္ခာရှုလိုက်ပြီ။

ဝေဒနာက ဥပေက္ခာဖြူလိုက်ပြီနည်းတူ သိစိတ်ကလည်း မတုန် စိတ် မဖြူန်စိတ် မွေးမြူလိုက်ပြီ။ ခန္ဓာ့မာန် ကိလေသာမာန်များ ကျဆင်းသွားတော့ပြီ။

ဤသည်ပင် အထက်ပိုင်းဉာဏ်များက ပြောပြနေသော ကာယ ဓမ္မ၏ သဘောထားတည်း။ ဤသည်ပင် အထက်ပိုင်းဉာဏ်များက ပြောပြနေသော ဝေဒနာဓမ္မ၏သဘောထားတည်း။ ဤသည်ပင် အထက်ပိုင်းဉာဏ်များက ပြောပြနေသော စိတ်ဓမ္မ၏ သဘောထား တည်း။

# စကားဆုံးနိဂုံးဖုံးတော့မည်

ဤဆိုခဲ့ပြီးသော ကထာများသည် ဉာဏ်များကို ဝေဖန်ရာ စကားများပင် ဖြစ်ကြ၏။ သွေး၊ သည်းခြေ၊ လေ၊ သလိပ်များနှင့် စရိုက်များကတစ်ဖက်၊ သတိအသိများနှင့် ဉာဏ်ကတစ်ဖက်ဟူသော အခြေခံဖြင့် ဝေဖန်မိခြင်းလည်း ဖြစ်၏။ ထိုသို့ ဝေဖန်ရာ၌ ကျမ်းအထောက်တို့ဖြင့် ဖောက်ထားသောလမ်း မဟုတ်ရကား တိကျသည် မဆိုသာ။ ကိုယ်တိုင်ဒက်ထိ သိခွင့်ရဖြင့် ဖော်ထားသော လမ်းမဟုတ်ရကား အမှန်ချည်းလည်း မဆိုသာ။

ဤလိုတော့ ဖြစ်နိုင်သည်။ ဤအတိုင်းတော့ ဖြစ်ခွင့်ရှိသည်။ ဤအသိ ဤအတွေးများဖြင့် ရေးမိခြင်းမျှသာ။ သို့ကြောင့်

ဘုရားဟော ဓမ္မတို့နှင့်ဖြစ်စေ...

**နတ်တလူစာစဉ်**

ဆရာမြတ်တို့ဖွင့်ဆိုထားပြီးသော ဓမ္မတို့နှင့်ဖြစ်စေ...

ကွဲလွဲနေက ပြင်ဆင်သုတ်သင်နိုင်ကြောင်း ဖိတ်ခေါ်လို၏။ များများမဟုတ်၊ ကပ်ဖွဲ့မှုဖြစ်နေလျှင်ပင် ထိုအဖွဲ့ကို ဖွဲ့စရာတစ်ခု အဖြစ် သဘောထားကာ ဖွဲ့လျက်က ဖယ်ခွဲ့စေလို၏။ နောက်နှောင်း သုတေသီတို့ အချင်းမများရန်အတွက်တည်း။

**သိက္ခာယ ဝိဘာဇိတဗ္ဗံ စတူဟာနုပဿနာဟိ**
**လောဟိတေဟိ ပိတ္တံ သေမှံ ဝါတေဟိစ ဉာဏံ စက္ကံ**
**အဝစ်မေ ယံဝစနံ ယေဘုယျသိက သမ္မသံ**
**နုရူပံ ဓမ္မံ ဓမ္မေဟိ ဝိသောဓေဟိ တသ္မာ သမ္မ**

**ဉာဏံစက္ကံ**–အသိဉာဏ်တို့ လှည့်ပတ်ကျက်စားရာ ဉာဏ်စဉ်များကို၊

**သိက္ခာယ စ ဝိဘာဇိတဗ္ဗံ**သိက္ခာတင်ယာဉ်လမ်းမဂ္ဂင်ဖြင့်လည်း ဝေဖန်အပ်၏။

**စတူဟာနုပဿနာဟိ စ ဝိဘာဇိတဗ္ဗာနိ**–အနုပဿနာတို့ဖြင့် လည်း ဝေဖန်အပ်ပါကုန်၏။

**လောဟိတေဟိစဝိဘာဇိတဗ္ဗာနိ**သွေးတို့ဖြင့်လည်း ဝေဖန်အပ်ပါကုန်၏။

## နတ်တလူစာစဉ်

**ပိတ္တံ သေမှံစ ဝိဘာဇိတဗ္ဗံ**–သည်းခြေ သလိပ်ဖြင့်လည်း ဝေဖန်အပ်၏။

**ဝါတေဟိစ ဝိဘာဇိတဗ္ဗာနိ**–လေခြောက်မျိုးတို့ဖြင့်လည်း ဝေဖန်အပ်ပါကုန်၏။

**ဣတိ**–ဤသို့၊ **ယံဝစနံ**–အကြင်စကားကို၊ **မေမယာဝန ဝါသီ**–ဖြစ်သော ငါသည်၊ **အဝစံ**–ဆိုမိခဲ့ပါပြီ။

**တံ**–ထိုသို့ ဆိုမိခြင်းသည်ကား၊ **ယေဘုယျသိကသမ္ဘဝံ**–ဖြစ်နိုင်ချေသို့လိုက်၍ သုံးသပ်ထားခြင်း မျှသာ။

**တသ္မာ**–ထိုသို့ ဖြစ်နိုင်ခြင်းကို အရင်းတည်၍ ဆိုထားရာဖြစ်နေခြင်းကြောင့်၊ **သမ္မံ**–ဓမ္မဂုဏ်ရည် ဉာဏ်စဉ်မီသော အိုအကြည်တော်...

**တွံ**–သင်ပညာရှိသည်၊ **ဧတံ ဓမ္မံ**–ဤဓမ္မစဉ်ကို၊ **ဓမ္မေဟိ**–အခြားဓမ္မတို့နှင့်၊ **အနုရူပံ**–လိုက်ဖက်စွာ၊ **ဝိသောဓေဟိ**–တည်းဖြတ်သုတ်သင် ရစ်ပါလေတော့။

**မဟာဗောဓိမြိုင်ဆရာတော်**

**၁၃၆၂ ခုနှစ်၊ ကဆုန်လဆန်း (၆)ရက်နေ့၊ မောနေယျတော။**

## ဉာဏ်စဉ်တို့ကိုချုပ်ရှုရဲ့ ရှုမဝေနိုင်ခြင်းများ

### အားလုံးတို့၏သတိ

- သတိလျှင် အရှင်သခင်ဖြစ်၏
- သတိသည် သူ့ကိုယ်သူရပ်တည်နိုင်အောင်ကြိုးစား၏
  သမာဓိမျှင် ဖြစ်လာပြီ
- သတိသည် အသိကို နောက်ပါစေပြီ
  သိစေခြင်းဝေ၏ ပညာမျှင်တွဲ့ပြီ
- သတိသည် ကံသုံးဆင့်အကျင့်မှန်ကန်လာစေ၏
  သီလမျှင်ပါ တွဲ့လာပြီ
- ထိုသို့ သတိ၏ အစည်းရုံးတို့ကြောင့်
  သိက္ခာသုံးဆင့်တို့ သူ့နေရာနှင့်သူဝင်ရောက်လာကြကာ
  တာဝန်ထမ်းလိုက်ကြသည်နှင့်
  မျှင်သည် ယာဉ်အရောင်ခဲ့လေပြီ

ကျွန်ုပ်သပုဂ္ဂိုလ်များ ယောဂီများ
လက်စွဲထားအားကိုးရမည့် ဝိပဿနာလမ်းညွှန်စာအုပ်များ

2002 GRAPHIC DESIGNED BY ZIN MIN LU & AIKE MOON